# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


## ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ–၅၄)


၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက် | ၂၀၂၅ ခုနှစ်၊ မေ ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ်(၂၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




## လျှင်ဘေးသင့်ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဆက်လက်ရောင်းချပေး

နေပြည်တော် မေ ၁၃

ငလျင်ဘေးသင့်ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ရောင်းချပေးခြင်း အစီအစဉ် ဒုတိယနေ့ကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ယနေ့ နံနက်ပိုင်းမှစတင်၍ ပြသရောင်းချလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ပြည်သူများနှင့် ဒေသခံပြည်သူအများအပြား လာရောက်လေ့လာဝယ်ယူလျက်ရှိသည်။


စာမျက်နှာ ၃ ကော်လံ ၁ ❍


## ပွင့်ဖြူမြို့နယ်၌ နှမ်း ၅၇၆၁၆ ဧကထိ စိုက်ပျိုးပြီးစီး အထွက်နှုန်းကောင်းမွန်ရေး တောင်သူများ ကြိုးပမ်း

ပွင့်ဖြူ မေ ၁၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၅၇၆၁၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး အထွက်နှုန်းကောင်းမွန်စေရန် တောင်သူများ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၁၄၅၂ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် မတ်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နှမ်း ၅၇၆၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားဧကထက် ပိုမိုစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။


စာမျက်နှာ ၅ ကော်လံ ၁ ◆




**ယနေ့ ဖတ်စရာ**


မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် သွပ်၊ သံနှင့် ဘိလပ်မြေများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး — ပြည်တွင်းသတင်း — စာ ၄

ငလျင်ဘေး ကူညီလုပ်အား ရန်ကုန်လျှပ်စစ်လုပ်သားများ — ဆောင်းပါး — စာ ၆

လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး လူငယ်စင်တာများ ဖွင့်လှစ်ပေး — ဆောင်းပါး — စာ ၁၀





# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဌေးဝင်း ကို ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးနိုင်မျိုးဟန် | ဦးဆောင်ညွှန်ကြားရေးမှူး အမှတ်(၂) သတ္တုတွင်းလုပ်ငန်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (ခ) ဦးကျော်ကောင်းချို | ညွှန်ကြားရေးမှူးချုပ် တံတားဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန |

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၃**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်၌ မေ ၁၄ ရက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်၌ မေ ၁၄ ရက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**



## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဝန်ထမ်းများအတွက် Prefabricated House များ ဆောက်လုပ်မည့်နေရာများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၃**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်နိုင်ရန်အတွက် Prefabricated House များ ဆောက်လုပ်မည့်နေရာများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက Prefabricated House အဆောက်အအုံများ စနစ်တကျနေရာချထားပြီး ရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျဆောင်ရွက်ရေး၊ ကူးစက်ရောဂါများ မဖြစ်ပေါ်စေရေးအတွက် လိုအပ်သည့်အစီအမံများ ကြိုတင်ဆောင်ရွက်ထားရေး၊ မိုးမကျမီ အပြီးဆောက်လုပ်ထားရှိနိုင်ရေး၊ လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ အချိန်မီဆောင်ရွက်ကြရေးနှင့် ဆောက်လုပ်ပြီးစီးသည့် နေအိမ်များတွင် ဝန်ထမ်းများ စည်းကမ်းတကျနေထိုင်ရေး မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*○ ရွှေဖုံးမှ*

ယနေ့တွင် ဘိလပ်မြေထုတ်လုပ်သူများအသင်း အရောင်းပြခန်း၊ မြန်မာနိုင်ငံသံမဏိလုပ်ငန်းရှင်များ အသင်း အရောင်းပြခန်း၊ မြန်မာနိုင်ငံ သံနှင့် သံမဏိ အသင်းအရောင်းပြခန်း၊ အိမ်ဆောက်လုပ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်းအမျိုးမျိုး အရောင်းပြခန်း၊ နိုင်ငံတကာမှ အရည်အသွေးမြင့် မီးဖိုချောင်သုံးပစ္စည်းများနှင့် အိမ်အသုံးအဆောင်ပစ္စည်းများအရောင်းပြခန်း၊ မြန်မာနိုင်ငံ၏ ပထမဆုံးနှင့် အကြီးမားဆုံး ဆောက်လုပ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ အရောင်းစင်တာ၊ သံထည်နှင့်စတီးများ အရောင်းပြခန်း၊ ပရိဘောဂအရောင်းပြခန်း၊ အိမ်သုတ်ဆေး အရောင်းပြခန်း၊ လုပ်ငန်းသုံး မီးစက်သေးနှင့် မီးစက်ကြီးများ အရောင်းပြခန်း၊ ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများ အရောင်းပြခန်းများတွင် လာရောက်လေ့လာ ဝယ်ယူသူများပြားလျက်ရှိသည်။

အဆိုပါ အရောင်းပွဲတော်သို့ လာရောက်လေ့လာဝယ်ယူသည့် ပုဗ္ဗသီရိမြို့နယ်မှ ဦးအာကာဒိုးက "ဘိလပ်မြေလာရောက်ဝယ်ယူတာ ဖြစ်ပါတယ်။ တန်းစီပြီးတော့ ဝယ်ယူရတာဖြစ်ပါတယ်။ အခုလို အခက်အခဲဖြစ်နေတဲ့အချိန်မှာ ဈေးနှုန်းမှန်ကန်ပြီး အရည်အသွေး ပြည့်မီတဲ့ သံ၊ သံမဏိ၊ ဘိလပ်မြေနဲ့ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းတွေ လာရောက်ရောင်းချပေးတဲ့ အသင်းအဖွဲ့တွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်ကတော့ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့တဲ့ မိမိနေအိမ်ကို ပြန်လည်ပြုပြင်တည်ဆောက်ဖို့ လိုအပ်တဲ့ဘိလပ်မြေ လာရောက်ဝယ်ယူတာဖြစ်ပါတယ်။ ဘိလပ်မြေ လာရောက်ဝယ်ယူသူတွေအနေနဲ့ နိုင်ငံသားစိစစ်ရေးကတ်၊ အပျက်အစီးမှတ်တမ်းဓာတ်ပုံ၊ အိမ်ထောင်စုဇယားမိတ္တူ၊ နေရပ်လိပ်စာနဲ့ ဖုန်းနံပါတ်တို့ လိုအပ်ပါတယ်။ အရောင်းတာဝန်ရှိသူတွေကလည်း ဝယ်ယူရာမှာလိုအပ်တဲ့ အချက်အလက်တွေကို ပြည့်စုံစွာ ရှင်းလင်းပြောကြားပေးပါတယ်" ဟု ပြောကြားသည်။

ထို့ပြင် ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်မှ ဒေါ်ဌေးဌေးလွင်က "အခုလို ငလျင်ဘေးသင့်ပြည်သူတွေအတွက် စီစဉ်ပေးတဲ့ ဈေးရောင်းပွဲတော်ကို မိတ်ဆွေသူငယ်ချင်းတွေကတစ်ဆင့် ကြားသိရတဲ့အတွက် လိုအပ်တဲ့ ဘိလပ်မြေနဲ့ အိမ်ဆောက်လုပ်ငန်းသုံး ဆက်စပ်ပစ္စည်းတွေကို လာရောက်ဝယ်ယူတာဖြစ်ပါတယ်။ ပစ္စည်းမှန်ပြီး ဈေးနှုန်းလည်း မှန်ပါတယ်" ဟု ပြောကြားသည်။

ယနေ့တွင် ရောင်းချခြင်းအစီအစဉ်နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) က ကြီးမှူး၍ MSIA – TALK SHOW ကို ထည့်သွင်းကျင်းပရာ ဆရာကြီး ဦးကြည်သာက "နည်းပညာရပ်ဖွံ့ဖြိုးမှုနှင့်အတူ တိုးပွားလာသော ရာဇဝတ်မှုခင်းများအကြောင်း" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးသည်။

အဆိုပါဈေးရောင်းပွဲတော်ကို ငလျင်ဘေးသင့်ပြည်သူများ ထူထောင်ရေးလုပ်ငန်းများ မိုးမကျမီ ဆောလျင်စွာ ပြန်လည်တည်ဆောက်နိုင်ရန် ဈေးနှုန်းမှန်ကန်စွာဖြင့် အရည်အသွေးပြည့်မီစွာ ဝယ်ယူနိုင်ရန် ရည်ရွယ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ သံနှင့် သံမဏိအသင်း၊ ဘိလပ်မြေထုတ်လုပ်သူများအသင်းနှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်ခြင်းဖြစ်ပြီး ရောင်းချခြင်းအစီအစဉ်ကို မေ ၁၈ ရက်အထိ ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းကျော်စွာ**
**ဓာတ်ပုံ- ဖိုးပြည့်စုံ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ UNESCO Myanmar ဌာနေကိုယ်စားလှယ် Mr.Ichiro Miyazawa အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၃**

ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် မြန်မာနိုင်ငံဆိုင်ရာ UNESCO ဌာနေကိုယ်စားလှယ် Mr.Ichiro Miyazawa အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃)ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

တွေ့ဆုံစဉ် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် အခြေခံပညာကျောင်းများ၊ ပညာရေးဒီဂရီကောလိပ်များ၊ တက္ကသိုလ်များကို ဖွင့်လှစ်ကျောင်းဖွင့်ချိန်အမီ ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာသင်ကျောင်းများ ပြုပြင်ထိန်းသိမ်းရေး၊ အသစ်တည်ဆောက်ရေး လုပ်ငန်းများတွင် UNESCO အနေဖြင့် ကူညီမှုများ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**တာဝန်ရှိသူများ တက်ရောက်**

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြား ရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် သွပ်၊ သံနှင့် ဘိလပ်မြေများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

**မန္တလေး မေ ၁၃**

မန္တလေးငလျင်ကြီးကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့်၊ ဆောက်လုပ်ရေးသုံးပစ္စည်းများဖြစ်သည့် သွပ်၊ သံနှင့် ဘိလပ်မြေများကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူနိုင်ရန်အတွက် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၃ လမ်း၊ လမ်း ၃၀ နှင့် ၃၁ လမ်းကြားရှိ သတ်မှတ်နေရာ၌ မေ ၁၃ ရက်မှ စတင်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ငလျင်ဘေးသင့်အဆောက်အအုံများကို ပြန်လည်တည်ဆောက်ရာ၌ အရည်အသွေးမှန်ကန်သည့် ပစ္စည်းများအသုံးပြုနိုင်ရေး၊ ဈေးနှုန်းသက်သာစေရေး၊ အာမခံချက်ရှိသည့် ပစ္စည်းများကို လွယ်ကူလျင်မြန်စွာ ဝယ်ယူအသုံးပြုနိုင်ရေးနှင့် အဆောက်အအုံများ မြန်ဆန်စွာ ဆောက်လုပ်နိုင်ရေး ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်ပြီး သက်ဆိုင်ရာအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များက ပူးပေါင်းပါဝင်ရောင်းချပေးခြင်းဖြစ်သည်။

မဟာအောင်မြေခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက "ကျွန်တော်တို့အနေနဲ့ ငလျင်ကြောင့် ပျက်စီးသွားတဲ့ အဆောက်အအုံတွေပြင်ဆင်ဖို့ လိုအပ်တဲ့ ဘိလပ်မြေ၊ သံချောင်းတွေကို သက်သာတဲ့နှုန်းထားနဲ့ စက်ရုံထုတ်ဈေးနီးပါး ရောင်းချပေးနိုင်ဖို့ လာရောက် ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ဘိလပ်မြေတစ်အိမ်ကို စက်ရုံဈေးငွေကျပ် ၁၇၅၀၀ နဲ့ ရောင်းချပေးတာပါ။ ရောင်းချမယ့်အရေအတွက် ကန့်သတ်ထားတာမရှိပါဘူး။ ကိုယ့်ရဲ့ ပျက်စီးတဲ့ အဆောက်အအုံက ဘိလပ်မြေ အိတ် ၅၀ လောက် လိုအပ်တာကို အိတ် ၁၀၀ လောက် ဝယ်ယူတာတော့ မဖြစ်စေချင်ပါဘူး။ ဒါကိုလည်း သက်ဆိုင်ရာစီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးကြပ်ပြီး သင့်တင့်တဲ့ အိတ်အရေအတွက်ကို အင်ဂျင်နီယာအဖွဲ့က စိစစ်ပေးမှာဖြစ်ပါတယ်။ အမှန်တကယ်လိုအပ်တဲ့ အရေအတွက်ကိုပဲ ရောင်းချပေးမှာဖြစ်ပါတယ်" ဟု ပြောသည်။



ဦးတင်ဝင်းရွှေ
ခရိုင်အုပ်ချုပ်ရေးမှူး



ဦးရန်ရှင်း
ပုသိမ်ကြီးမြို့နယ်



ဦးလှိုင်မင်း
ပြည်ကြီးတံခွန်မြို့နယ်



ဒေါ်ဌေးဌေးရီ (ဒုတိယမန်နေဂျာ
မြန်မာ-မန္တလေး ဖူရှင်စတီးကုမ္ပဏီ)

ငလျင်ဒဏ်ကြောင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ပြည်သူများအနေဖြင့် မိမိတို့၏အဆောက်အအုံများမှ သာမန်အသေးစားပြင်ဆင်ရန် လိုအပ်သည့် အရေအတွက်အတိုင်း လာရောက်ဝယ်ယူစေလိုပြီး အကြီးစားပြင်ဆင်ရန်လိုအပ်ပါက တတ်ကျွမ်းသည့် အင်ဂျင်နီယာများဖြင့် တွက်ချက်ကာ ခွင့်ပြုချက်ရယူ၍ ပြန်လည်ပြင်ဆင်သင့်ကြောင်း ၎င်းက အကြံပြုပြောကြားသည်။

ယနေ့တွင်ဆောက်လုပ်ရေးသုံးပစ္စည်းများ လာရောက်ဝယ်ယူသည့် ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်အုပ်စုမှ ဦးရန်ရှင်းကပြောကြားရာ၌ "ကျွန်တော်တို့ ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်အုပ်စုမှာ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့တဲ့ အိမ်ထောင်စု ၄၉ စုရှိပါတယ်။ သူတို့အတွက် ဘိလပ်မြေတွေကို လာဝယ်တာပါ။ အခုရောင်းပေးတဲ့ ဘိလပ်မြေဈေးက အပြင်ပေါက်ဈေးထက် အများကြီး သက်သာတယ်။ ဒီလိုသက်သာတဲ့ဈေးနှုန်းနဲ့ ပြည်သူတွေအဆင်ပြေအောင် ရောင်းချပေးတဲ့အတွက် ဝမ်းသာပါတယ်။ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ အဆောက်အအုံတွေ ပြန်လည်ပြုပြင်တည်ဆောက်ဖို့ သစ်တွေ၊ သံတွေလည်း လိုအပ်တဲ့အတွက် အိမ်ဆောက်ပစ္စည်းမှန်သမျှကို အတတ်နိုင်ဆုံးသက်သာတဲ့ ဈေးနှုန်းနဲ့ ရောင်းချပေးမယ်ဆိုရင် ပြည်သူတွေ ဝမ်းမြောက်ဝမ်းသာဖြစ်ကြမှာပါ" ဟု ပြောသည်။

ဆောက်လုပ်ရေး ပစ္စည်းများ လာရောက်ရောင်းချသည့် မြန်မာ-မန္တလေးဖူရှင်စတီး ကုမ္ပဏီလီမိတက်မှ ဒုတိယမန်နေဂျာ ဒေါ်ဌေးဌေးရီက "ကျွန်မတို့ ကုမ္ပဏီအနေနဲ့ သံချောင်းလုံးတွေကို ရောင်းချပေးနေပါတယ်။ နောက်ပြီး ငလျင်ဒဏ်သင့်ပြည်သူတွေ လိုအပ်တဲ့ ပစ္စည်းအရေအတွက်ကိုလည်း စာရင်းကောက်ယူနေပါတယ်။ ဈေးနှုန်းတွေကတော့ အပြင်မှာရောင်းချတဲ့ ဈေးနှုန်းထက် သက်သာတဲ့ ဈေးနှုန်းနဲ့ ရောင်းချပေးတာပါ။ ငလျင်ဘေးပြန်လည်ထူထောင်ရေးမှာ အထောက်အကူဖြစ်၍ မန္တလေးမြို့ကြီး မြန်မြန်ဆန်ဆန်နဲ့ ဖွံ့ဖြိုးတိုးတက်လာစေဖို့ ရောင်းချပေးတာဖြစ်ပြီး ကျွန်မတို့ စက်ရုံထုတ်ပစ္စည်းတွေကို အရည်အသွေး ပိုမိုကောင်းမွန်အောင် စမ်းသပ်ထုတ်လုပ်ထားတာဖြစ်တဲ့အတွက် စက်ရုံထုတ်သံတွေကို ယုံကြည်စိတ်ချစွာ အသုံးပြုလို့ရပါတယ်" ဟု ပြောသည်။

ဆောက်လုပ်ရေးသုံး ပစ္စည်းများ လာရောက်ဝယ်ယူသည့် ပြည်ကြီးတံခွန်မြို့နယ်မှ ဦးလှိုင်မင်းကလည်း "ငလျင်ဒဏ်ကြောင့် အိမ်က အုတ်နံရံတွေ အက်ကွဲသွားလို့ ဘိလပ်မြေလိုအပ်တဲ့အတွက်အိတ်၁၀၀ လာရောက်ဝယ်ယူတာပါ။ ဈေးနှုန်းအနေနဲ့တော့ တစ်အိတ်ကို ငွေကျပ် ၁၇၅၀၀ ပေးရတယ်။ အပြင်ဈေးနှုန်းထက် အများကြီးသက်သာပါတယ်။ ငလျင်ဒဏ်ကြောင့် အိမ်ပျက်စီးသွားပြီး ပြန်လည်ပြင်ဆင်ဖို့လိုအပ်တဲ့ ပြည်သူတွေကို အခုလို ဈေးနှုန်းချိုသာစွာနဲ့ အလွယ်တကူရောင်းချပေးတဲ့အတွက် ဝမ်းသာပါတယ်။ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ဝယ်ယူရတာလည်း အားလုံးအဆင်ပြေပါတယ်" ဟု ပြောသည်။



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများ ဆောက်လုပ်ရေးသုံးပစ္စည်းများ ဝယ်ယူရန် စာရင်းပေးသွင်းနေမှုကို တွေ့ရစဉ်။

ငလျင်ဘေးပြန်လည်ထူထောင်ရေးအတွက် မန္တလေးမြို့တွင် ငလျင်ဘေးသင့်ပြည်သူများအား ဆောက်လုပ်ရေးသုံးပစ္စည်းများဖြစ်သည့် သွပ်၊ သံနှင့် ဘိလပ်မြေတို့ကို သက်သာသောဈေးနှုန်းဖြင့် မေ ၁၃ ရက်မှ စတင်ရောင်းချပေးလျက်ရှိရာ ဝယ်ယူသည့် လိုအပ်ချက်အပေါ်မူတည်၍ ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ဝန်ထမ်းသား၊ သမီး ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် မေ ၁၃**

၂၀၂၅ ခုနှစ် ဇွန်လအတွင်း ပြန်လည်ကျင်းပစစ်ဆေးသွားမည့် ၂၀၂၄ - ၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ဝန်ထမ်းသား၊ သမီး Grade –12 ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်-၃ ၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးများဖြစ်သည့် ဦးမင်းမင်း၊ ဦးကျော်ရွှေထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် Grade- 12 ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**ဖြည့်ဆည်းအားပေး**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ကျင်းပစစ်ဆေးသွားမည့် ၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝန်ထမ်းသားသမီးများထဲမှ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၂၈ ဦးအနေဖြင့် ပြန်လည်ဖြေဆိုရန် အထူးကြိုးစားနေကြောင်း ကြားသိရသဖြင့် အထူးဝမ်းမြောက်မိကြောင်း၊ ယခင်ဖြေဆိုခဲ့မှုတွင် အားရမှုရှိခဲ့သော ဘာသာရပ်အတွက် အမှတ်ပိုမိုရရှိနိုင်ရေးနှင့် အားနည်းမှုရှိခဲ့သော ဘာသာရပ်ရှိခဲ့ပါကလည်း ယခုရရှိသည့် အခွင့်အရေးကို အပြည့်အဝအသုံးချ၍ ကောင်းမွန်စွာပြန်လည်ဖြေဆို သွားစေလိုကြောင်း၊ ကျောင်းသားမိဘများအနေဖြင့်လည်း စာမေးပွဲထပ်မံဖြေဆိုမည့် သားသမီးများအား ဖြည့်ဆည်းအားပေးကြရန် ပြောကြားသည်။



**ထောက်ပံ့ငွေများပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများသည် ဇွန်လအတွင်း ပြန်လည်ကျင်းပစစ်ဆေးသွားမည့် ၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင် စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ဝန်ထမ်းသား၊သမီးGrade –12ကျောင်းသား ကျောင်းသူ ၂၈ ဦးအား ထောက်ပံ့ငွေများ ပေးအပ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မန္တလေးငလျင်ကြီး ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး CST Myanmar ၏ စီစဉ်မှုဖြင့် ကိုရီးယားအနုပညာရှင်များပါဝင်သည့် K-Pop အဖွဲ့မှ အလှူငွေပေးအပ်ပွဲ

**ရန်ကုန် မေ ၁၃**

မန္တလေးငလျင်ကြီး ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး CST Myanmar ၏ စီစဉ်မှုဖြင့် ကိုရီးယားအနုပညာရှင်များ ပါဝင်သည့် K-Pop အဖွဲ့မှ အလှူငွေပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဦးစွာ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ပြည်သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ် ငြိမ်သက်ခဲ့သည်။

ထို့နောက် ကိုရီးယားနိုင်ငံ CST Myanmar Co.Ltd.မှ ဒါရိုက်တာ Mr. Cho Sung Woo က မန္တလေးငလျင်ကြီး ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မန္တလေးငလျင်ကြီး ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေအတွက် မေ ၁၀ ရက်မှ ၁၁ ရက်အထိ နှစ်ရက်တာ ကျင်းပခဲ့သည့် ဈေးရောင်းပွဲတော်မှ ရောင်းချရငွေ စုစုပေါင်း ကျပ် ၈၅၃၇၀၀၀ ကို CST




Myanmar Co.Ltd. မှ CEO Ms. Kim Moon Hee နှင့် KK Media Co.Ltd. မှ Director Mr.Jung Woo Chul တို့က ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။

**ကျေးဇူးအထူးတင်ရှိ**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားရာ ငလျင်ဘေးဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ပြည်ပမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လမ်းဖွင့်ပေးထားရာ ပြည်ပနိုင်ငံများမှလည်း ကူညီကယ်ဆယ်ရေးပစ္စည်းများ ရောက်ရှိလာပြီး ငလျင်ဒဏ်သင့်ဒေသများရှိ ပြည်သူများထံသို့ ပေးပို့ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ လာရောက်လှူဒါန်းပေးသည့် အလှူရှင်များထံမှ လက်ခံရရှိသော အလှူငွေများအား ငလျင်ဒဏ်သင့်ပြည်သူများအတွက် အရေးပေါ်ပံ့ပိုးမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေသို့ စနစ်တကျလွှဲပြောင်းပေးပို့သွားမည်ဖြစ်ကြောင်းနှင့် ငလျင်ဒဏ်သင့်ပြည်သူများအား လာရောက်လှူဒါန်းပေးသည့်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကိုယ်စား၊ ယခုဖြစ်ပွားခဲ့သော အင်အားပြင်းငလျင်ဘေးနှင့် ဆက်စပ်သည့် ငလျင်ဒဏ်သင့်ပြည်သူများ၏ကိုယ်စား ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အဖွဲ့က အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး တက်ရောက်လာသူများအား နံနက်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

◆ *ရွှေဖုံးမှ*

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း နှမ်း ၅၇၆၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နွေနှမ်း စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး ဒေသတွင်းရှိ နှမ်းစိုက်တောင်သူတွေကို မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးပြီး စိုက်ပျိုးရေးနည်းပညာ အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ဖို့ အသိပညာပေးတာတွေ ၊ စိုက်ပျိုးရေ စနစ်တကျသုံးစွဲကြဖို့နဲ့ စိုက်ပျိုးရေး သွင်းအားစုတွေ မှန်မှန်ကန်ကန် သုံးစွဲကြဖို့ အသိပညာပေး လုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေ တိုးပွားစေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းစိုက်တောင်သူများကို ဒေသနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ မြေဩဇာ စနစ်တကျ သုံးစွဲရေး၊ ပိုးမွှားကျရောက်မှု မရှိစေရေး၊ ပန်းတိုင်အထွက်နှုန်းများ ရရှိရေး စသည့် တောင်သူအသိပညာပေး လုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းဆီစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုပါ ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် နေရာမရွေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်

**ရန်ကုန် မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ယနေ့ နံနက် ၁၀ နာရီက အမှတ်(၆၇) ရပ်ကွက် ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လဝက ဦးစီးမှူး ဦးအေးကျော်တို့က အိမ်ထောင်စု ၅၈ စုနှင့် နိုင်ငံသားစိစစ်ရေး ကတ် ၇၈ ကတ်ကို ပြည်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

အဆိုပါ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် အသက် ၁၀ နှစ်ပြည့်နှင့် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ **ဖြိုးစန္ဒာ(ပြန်/ဆက်)**



# ငလျင်ဘေး ကူညီလုပ်အား ရန်ကုန်လျှပ်စစ်လုပ်သားများ

မောင်မောင်စွယ်စုံထွန်း

ရန်ကုန်မြို့ရှိ ရုံးခန်းတွင် ကျွန်တော်တာဝန်ထမ်းဆောင်နေစဉ် မတ် ၂၈ ရက် မွန်းလွဲပိုင်းက ရုတ်တရက်ငလျင်ပြင်းထန်စွာ လှုပ်ခတ်ပြီးနောက် လျှပ်စစ်မီးများနှင့် ဖုန်းလိုင်းများ ပြတ်တောက်သွားခဲ့သည်။ အဆိုပါ မြေငလျင်ဒဏ်ကြောင့် မြန်မာတစ်နိုင်ငံလုံးသို့ ဓာတ်အားဖြန့်ဖြူးပေးနေသည့် ဓာတ်အားစနစ်နှင့် ချိတ်ဆက်ထားသော ငလျင်ဘေးသင့်ဒေသများရှိ ဓာတ်အားပေးစက်ရုံ၊ ထပ်ဆင့်ဓာတ်အား ဖြန့်ဖြူးပေးသည့် ခွဲရုံနှင့် ဓာတ်အားလိုင်းများ၏ ဓာတ်လွှတ်ပစ္စည်းများ အများအပြား ပျက်စီးချွတ်ယွင်းမှု ဖြစ်ပေါ်ခဲ့ရသည်ဟု သိရှိရသည်။

လျှပ်စစ်မီးရရှိရေးသည် ငလျင်ဘေးကူညီကယ်ဆယ်နိုင်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည်နှင့်အညီ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူ အဆင့်ဆင့်က ဓာတ်အားအမြန်ဆုံး ပြန်လည်ပို့လွှတ်ဖြန့်ဖြူးနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းလုံးမှ ဝန်ထမ်းများအား အလျင်အမြန်စုဖွဲ့၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဓာတ်အားပို့လွှတ်ရေး လိုင်းကြီးများကို လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ ကျွမ်းကျင်ဝန်ထမ်း စုဖွဲ့အင်အား ၁၃၄ ဦးဖြင့်လည်းကောင်း၊ ဓာတ်အားဖြန့်ဖြူးရေး လိုင်းငယ်များကို နေပြည်တော် တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံးဝန်ထမ်းများအပြင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ပဲခူးတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံးနှင့် မကွေးတိုင်းဒေသကြီးတို့မှ လျှပ်စစ်ဝန်ထမ်း ၄၂၆ ဦးဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးနယ်မြေအတွင်း၌ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ လျှပ်စစ်ဝန်ထမ်း ၅၄၅ ဦးတို့ဖြင့်လည်းကောင်း အမြန်ဆုံးအင်အားစုဖွဲ့၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ရသည်။

ထိုသို့ စုဖွဲ့ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီနယ်မြေတွင် ပြည်ထောင်စုဝန်ကြီးကိုယ်တိုင်ဦးစီး၍လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ဒုတိယဝန်ကြီးကိုယ်တိုင် ဦးစီး၍လည်းကောင်း ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရခြင်းလည်း ဖြစ်သည်။

ကျွန်တော်တို့ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအနေဖြင့် ငလျင်ဖြစ်ပွားခဲ့ပြီး ချိန်မှစ၍ ဝန်ထမ်းများကို အလျင်မြန်ဆုံးစုဖွဲ့နိုင်ခဲ့ပြီး ရုံးချုပ်နှင့် ခရိုင်များမှ စုဖွဲ့အင်အား ၁၅၁ ဦးဖြင့်



စက်ယန္တရားအကူအညီမပါဘဲ လူအင်အားဖြင့် အပင်ပန်းခံကာ လျှပ်စစ်ဓာတ်အားလိုင်းများ ပြုပြင်ပေးစဉ်။

မတ် ၂၉ ရက်တွင် နေပြည်တော်သို့ ဦးစွာထွက်ခွာရောက်ရှိခဲ့ပြီး မတ် ၃၀ ရက်တွင် လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ခဲ့သည်။

စင်စစ်တွင်မူ လျှပ်စစ်ဝန်ထမ်းများ အနေဖြင့် ငလျင်ဘေးသင့်ဒေသရှိ မိမိတို့ဆွေမျိုးသားချင်းများ၏ ငလျင်ဘေးဒုက္ခခံစားနေရမှုများကိုပင် သတင်းမမေးအား၊ လှည့်မကြည့်အားဘဲ အထက်မှ ပေးအပ်သည့် တာဝန်ကို ဦးထိပ်ထား၍ အမြန်ဆုံး သွားရောက် လုပ်အားပေးခဲ့ကြရခြင်းလည်း ဖြစ်သည်။ ထိုသို့ ထွက်ခွာခဲ့ရာတွင်လည်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးဆောင်သော တာဝန်ရှိသူများ၏ ကြပ်မတ်လမ်းညွှန်မှုတို့ဖြင့် မိဘသဖွယ် ပြည့်ပြည့်စုံစုံ မှာကြားနှုတ်ဆက်ပြီးမှ တာဝန်ထမ်းဆောင်ရမည့် နေရာတွင် ချက်ပြုတ်စားသောက်ရန် စားရေရိက္ခာများ၊ ဆေးဝါးပစ္စည်းများ၊ ပြုပြင်တည်ဆောက်ရေး အတွက် လိုအပ်သော ပစ္စည်းများနှင့်အတူ စတင်ခရီးထွက်ခွာခဲ့ကြခြင်းလည်းဖြစ်သည်။

ငလျင်ဒဏ်ခံစားခဲ့ရခြင်းမရှိသည့် ရန်ကုန်မြို့တွင် အိုးမကွာအိမ်မကွာ နေထိုင်စားသောက်ရေး အဆင်ပြေစွာ တာဝန်ထမ်းဆောင်နိုင်ကြပါလျက် ငလျင်ဒဏ်သင့်ဒေသများအား လျှပ်စစ်ဓာတ်အား အမြန်ဖြန့်ဖြူးနိုင်ရန်အတွက် လျှပ်စစ်ဝန်ထမ်းများသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း ယာယီအဆောက်အအုံများတွင် ဖြစ်သလိုနေထိုင်၍

❖ **ဝန်ကြီးဌာနအတော်များများကို မေ ၃ ရက်တွင် လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး မေ ၅ ရက်တွင် ဒက္ခိဏသီရိမြို့နယ်သို့ ရာနှုန်းပြည့် ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့**

❖ **သာမန်အခြေအနေတွင် စက်ယန္တရားများဖြင့် ဆောင်ရွက်ကြသော်လည်း ငလျင်ကြောင့် လမ်းများပျက်စီး၍ စက်ယန္တရား ဝင်မရသည့်နေရာများတွင် လမ်းပြင်ပြီးသည်အထိ မစောင့်ဘဲ လူအပင်ပန်းခံ၍ လျှပ်စစ်ဓာတ်အား အမြန်ပေးနိုင်အောင် စေတနာရှေ့ထားလျက် ပင်ပန်းဒုက္ခခံကာ ဆောင်ရွက်ခဲ့**

မိမိဘာသာ ချက်ပြုတ်စားသောက်ကာ တာဝန်ကို အချိန်နှင့်တစ်ပြေးညီ ထမ်းဆောင်ခဲ့ကြရသည်။

ထိုသို့ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ လျှပ်စစ်ဝန်ထမ်းများသည် မန္တလေးငလျင်ကြီးဒဏ်ကြောင့် ပျက်စီးသွားသော နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ၄၀၀ ဗို့ ဓာတ်အားလိုင်းတိုင်များကို နေပြည်တော်ရောက်ရှိချိန်မှစ၍ နေ့ညစိတ်အားထက်သန်စွာဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် ဇမ္ဗူသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်များသာမက ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဝန်ကြီးဌာနအတော်များများကို မေ ၃ ရက်တွင် လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး မေ ၅ ရက်တွင် ဒက္ခိဏသီရိမြို့နယ်သို့ ရာနှုန်းပြည့်ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့သည်။ မေ ၉ ရက်တွင် ခွဲရုံအမှတ် (၇) ၌ ၂၀ အမ်ဗွီအေ ထရန်စဖော်မာ တစ်လုံးကို အသစ်လဲလှယ်တပ်ဆင်ပေးနိုင်ခဲ့သည်။ သာမန်အခြေအနေတွင် စက်ယန္တရားများဖြင့် ဆောင်ရွက်ကြသော်လည်း ငလျင်ကြောင့် လမ်းများပျက်စီး၍ စက်ယန္တရား ဝင်မရသည့် နေရာများတွင် လမ်းပြင်ပြီးသည်အထိ မစောင့်ဘဲ လူအပင်ပန်းခံ၍ လျှပ်စစ်ဓာတ်အားအမြန်ပေးနိုင်အောင် စေတနာရှေ့ထားလျက် ပင်ပန်းဒုက္ခခံကာ ဆောင်ရွက်ခဲ့ကြသဖြင့် ဤကဲ့သို့ အလျင်အမြန် ဓာတ်အားပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးဌေးနိုင် ဦးဆောင်သော ဝန်ထမ်း ၁၅၁ ဦးမှ တာဝန်ရှိသူအဆင့်ဆင့်၏ ထိရောက်သော ကြပ်မတ်ကွပ်ကဲမှုဖြင့် ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ရာ သင်္ကြန်မတိုင်မီ ဧပြီ ၁၀ ရက် ညနေတွင် ကူညီရေးအရေးပေါ်လုပ်ငန်းများကို လက်စသတ် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်၍ ဧပြီ ၁၁ ရက်တွင် ပြည်ထောင်စုဝန်ကြီးမှ နေပြည်တော်သို့ လာရောက်ကူညီပေးခဲ့သော ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ ဝန်ထမ်းများအားလုံးကို တွေ့ဆုံ၍ ကျေးဇူးတင်ဂုဏ်ပြုစကားများ ပြောကြားခဲ့သည်။ အဆိုပါ နေ့မွန်းလွဲပိုင်းတွင် အင်အား ၈၀ သည် ပထမ

*စာမျက်နှာ ၇ သို့*





မန္တလေးမြေငလျင်ကြောင့် ပျက်စီးခဲ့ရသည့် လျှပ်စစ်ဓာတ်အားလိုင်းများ အမြန်ဆုံးပြန်လည်ကောင်းမွန်စေရန် လျှပ်စစ်လုပ်သားများ နေ့မအား ညမနား ဆောင်ရွက်စဉ်။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် မေ ၁၃**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်ဆည်သို့ သွားရောက်ပြီး လျှော်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပင်မတမံနှင့် ကုန်းကျောတမံများ ပြန်လည်ပြုပြင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စက်ယန္တရားများ အချိန်ပြည့် အသုံးပြုနိုင်ရေး၊ မြေစမ်းသပ်မှုများ စနစ်တကျ ဆောင်ရွက်ရေး၊ တမံအောက်ခြေနှင့် လမ်းမအကြားရှိ မြေလွတ်နှင့် ရေကန်နေရာများတွင် သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ထားရှိရေးတို့ကို မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် နေပြည်တော်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး ရှင်းလင်းဆွေးနွေး တင်ပြကြရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ချောင်းမကြီးရေလှောင်တမံသို့ သွားရောက်၍ လျှော်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တမံပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းသုံးပစ္စည်းများ အချိန်မီရောက်ရှိစေရေးနှင့် စက်ယန္တရားအင်အားထပ်မံ ဖြည့်ဆည်းဆောင်ရွက်ရေး၊ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ မိုးမကျမီ အမြန်ဆုံး ပြီးစီးအောင်ဆောင်ရွက်ရေး၊ လုပ်ငန်းဆောင်ရွက်မှုကို နေ့ညအဆိုင်း ခွဲပြီး စက်ယန္တရားများ အသုံးပြုဆောင်ရွက်ရေး၊ တမံအောက်ခြေသို့ နုန်းများ ထပ်မံမရောက်ရှိစေရေးအတွက် နုန်းတားမြောင်းများ စနစ်တကျ တူးဖော်ထားရှိရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။



**ထွန်းလင်း(ဇေယျာမြေ)**

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းဝင်လေ့ကျင့်

**ရန်ကုန် မေ ၁၃**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းသို့ ရောက်ရှိပြီး (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းဝင်လေ့ကျင့်နေသော အနောက်တိုင်းလှေ၊ ရိုးရာလှေနှင့် ကနူး/ ကယက်လှေတို့ ယှဉ်ပြိုင်လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေး၍ နည်းပြများအား အစွမ်းကုန်အားထည့်သင်ပြကြပ်မတ်ပေးရန်၊ စံချိန်စံနှုန်းများ ကောင်းမွန်ပြီး ဆုတံဆိပ်များရရှိအောင် ကြိုးစားကြရန် မှာကြားသည်။



ထို့နောက် မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံသို့ရောက်ရှိပြီး စခန်းဝင်လေ့ကျင့်လျက်ရှိသော အားကစားသမားများ၊ နည်းပြများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားကစားအောင်မြင်မှုများ ရရှိရန်အတွက် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ အကောင်းဆုံး ကြိုးစားအားထုတ်ကြရန် မှာကြားကာ ပဏာမလက်ရွေးစင် ဘော်လီဘော အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ရှိ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးရုံ၊ ပဏာမလက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားသမားများ စခန်းသွင်းလေ့ကျင့်နေသည့် ပိုက်ကျော်ခြင်း အားကစားရုံ၊ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ စခန်းဝင် လေ့ကျင့်နေသော ပဏာမလက်ရွေးစင် ဘိလိယက်နှင့် စနူကာ အားကစားသမားများ လေ့ကျင့်နေမှု၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်၌ ပဏာမလက်ရွေးစင် အားကစားသမားများ လေ့ကျင့်ပစ်ခတ်နေမှုတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားလူ့အခွင့်အရေးကော်မရှင် မန္တလေး (ရုံးခွဲ) အသေးစားထိခိုက်ပျက်စီးမှုပြင်ဆင်



**နေပြည်တော် မေ ၁၃**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်သည် ယနေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၊ မန္တလေး (ရုံးခွဲ) သို့ ရောက်ရှိပြီး မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် အင်အားအလွန် ပြင်းထန်သည့် မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သော မန္တလေး (ရုံးခွဲ) ရုံးအဆောက်အအုံ ပြင်ဆင်ရန်ကိစ္စနှင့် ပတ်သက်၍ ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ကော်မရှင်ရုံး မန္တလေး(ရုံးခွဲ) တာဝန်ခံက ရုံးအဆောက်အအုံ ထိခိုက်ပျက်စီးမှုနှင့် ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေး၊ ဆယ်တင်ပစ္စည်း အခြေအနေနှင့် ကော်မရှင်ရုံးခွဲ လုပ်ငန်းများ ပုံမှန် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ကော်မရှင်အဖွဲ့ဝင်က မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွဲ့စည်းပေးသည့် အင်ဂျင်နီယာပညာရှင်များ ဦးဆောင်သောအဖွဲ့က မြေပြင်ကွင်းဆင်းစစ်ဆေးချက်အရ Main Structure ဖြစ်သော Column နှင့် Beam များ ထိခိုက်ပျက်စီးမှုမရှိဘဲ နံရံအချို့တွင် အသေးစားထိခိုက်မှုသာရှိကြောင်း၊ တွေ့ရှိရမှုကို အပြာရောင်အဆင့် သတ်မှတ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ပြန်ကြားစာ ပေးပို့ထားပြီးဖြစ်သဖြင့် အဆိုပါ အသေးစား ထိခိုက်ပျက်စီးမှုကို ခွင့်ပြုအဆောက်အအုံ ပြင်ဆင်ထိန်းသိမ်းစရိတ်ဖြင့် အမြန်ပြင်ဆင်သွားမည် ဖြစ်ကြောင်း ပြောကြားကာ ရုံးခွဲရှိဝန်ထမ်းများအား ရင်းနှီးနွေးထွေးစွာ အားပေးစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

အသုတ်အနေဖြင့် ပြန်လည်ထွက်ခွာခဲ့ပြီး ကျန်အင်အား ၇၀ သည် ဧပြီ ၁၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရောက်ရှိခဲ့ကြသည်။

ယခုဖြစ်စဉ်အား သုံးသပ်ပါက သဘာဝဘေးဖြစ်သည့် ငလျင်အင်အားကြီးမား၍ ဆုံးရှုံးမှုများပြားခဲ့သော်လည်း လျှပ်စစ်ဝန်ထမ်းများအနေဖြင့် ကိုယ်ကျိုးမဖက် အများအကျိုးအတွက် တာဝန်မရှောင်၊ အန္တရာယ်မမှုဘဲ အချိန်နှင့်တစ်ပြေးညီ သွားရောက်ကူညီ ဆောင်ရွက်ပေးနိုင်ခဲ့၍သာ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များသည် လျှပ်စစ်ဓာတ်အား အမြန်ဆုံးပြန်လည်ရရှိစေခဲ့ရုံမျှမက တစ်နိုင်ငံလုံး ချိတ်ဆက်ထားသော ဓာတ်အားစနစ်ကြီး တစ်ခုလုံးကိုလည်း အလျင်အမြန် ဓာတ်အားအပြည့်အဝ ပြန်လည်ရရှိစေရေးကိုလည်း အထောက်အကူပြုပေးနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

သို့ဖြစ်ရာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မန္တလေးငလျင်ကြီးကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် လျှပ်စစ်မီးတိုင်များနှင့် ဓာတ်အားလိုင်းများ ပျက်စီးမှုရှိခဲ့ခြင်းကြောင့် ကွန်ကရစ်တိုင်ပေါင်း ၂၂၈၉ လုံး ပျက်စီးခဲ့ရာ မေ ၆ ရက်အထိ ကွန်ကရစ်တိုင် ၁၇၈၄ လုံး ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်ခဲ့ပြီး လျှပ်စစ်ဓာတ်အားများလည်း ရာနှုန်းပြည့်နီးပါး ဖြန့်ဖြူးပေးလျက်ရှိသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ၈၀ ရာခိုင်နှုန်းကျော်ပြီးစီးခဲ့ပြီး ကျန်ရှိနေသေးသော ဥတ္တရသီရိမြို့နယ်အတွင်း အချို့နေရာများကိုလည်း နေပြည်တော်တိုင်း လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ မကြာမီ ရာနှုန်းပြည့် ပြန်လည်ပြုပြင် ပြီးစီးတော့မည်ဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ မည်သူတွေ မည်သို့ပင် ပြောဆိုဝေဖန်နေကြပါစေ၊ မည်မျှခက်ခဲကြမ်းတမ်းပါစေ၊ မိသားစုအရေး မည်သို့ဖြစ်နေပါစေ မငဲ့ညှာအားဘဲ အထက်မှ ပေးအပ်သောတာဝန်ကို ကျေပွန်စွာ ကြိုးစားထမ်းဆောင်ပေးနိုင်ခဲ့သည့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ လျှပ်စစ်ဝန်ထမ်းကြီးများအား အောက်ပါကဗျာလေးဖြင့် ဂုဏ်ပြုဖော်ကျူးရင်း မှတ်တမ်းတင်ဂုဏ်ပြုရေးသားလိုက်ရပါသည်။

**ကူညီလုပ်အား ရန်ကုန်လျှပ်စစ်လုပ်သားများ**

❖ မန္တလေးငလျင်ကြီးဆို
ဘဝတွေမှောက်လဲပြို
သောကတွေရောက်မြဲပို
ကမ္ဘာကြီးပျက်ခဲ့သလို။ ။

❖ လုပ်မြဲအလုပ်
နောက်မဆုတ်တမ်း
ရှေ့သို့လှမ်းမည်
ရန်ကုန်လျှပ်စစ်သည် ။ ။

# နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

**နေပြည်တော် မေ ၁၃**

၂၈-၃-၂၀၂၅ ရက်က လှုပ်ခတ်ခဲ့သော မန္တလေး မြေငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီ နယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ ဘေးသင့်ခဲ့သော ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်၊ အလှူရှင်များ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ ပစ္စည်းများ၊ ဆေးဝါးများ လှူဒါန်းထောက်ပံ့မှုနှင့် ဧပြီလ ၂၈ ရက်နေ့မှ မေလ ၄ ရက်နေ့အထိ ဘေးသင့် ဒေသများသို့ ဖြန့်ခွဲထောက်ပံ့ဆောင်ရွက်မှုများကို သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။

ယခုအခါ မေလ ၅ ရက်နေ့မှ ၁၂ ရက်နေ့အထိ ရက်သတ္တပတ် ၁ ပတ်အတွင်း ဗီယက်နမ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဘရာဇီးနိုင်ငံနှင့် ဗင်နီဇွဲလားဘိုလီဗာရီယန်သမ္မတနိုင်ငံတို့မှ ထပ်မံပေးပို့လှူဒါန်းလာသော တာပေါ်လင်/မိုးကာစ၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ ရေသန့်စက်၊ ဆေးနှင့်ဆေးပစ္စည်း များအနက် ဆေးနှင့်ဆေးပစ္စည်းများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကော်မတီ (ကျန်းမာရေး ဝန်ကြီးဌာန) သို့ လွှဲပြောင်းပေးခဲ့ပြီး ကျန်ပစ္စည်းများ ကို ဘေးသင့်လူဦးရေအချိုးအစားအပေါ်မူတည်၍ ဖြန့်ခွဲပေးပို့ပြီး ဖြစ်ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် ဒီဇယ်ဆီ တန် ၃၀၀၀၀၊ ဓာတ်ဆီ တန် ၂၀၀၀၀ အနက် ဒီဇယ်ဆီ တန် ၁၈၀၀၀ သည် ၂-၅-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ ဓာတ်ဆီ တန် ၁၇၀၀၀ သည် ၇-၅-၂၀၂၅ ရက်နေ့တွင်လည်းကောင်း ရန်ကုန် မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိခဲ့ရာ စွမ်းအင် ဝန်ကြီးဌာနက စနစ်တကျ သိမ်းဆည်းသိုလှောင်၍

*စာမျက်နှာ ၉ သို့*



ဗီယက်နမ်နိုင်ငံမှ လှူဒါန်းပစ္စည်းများ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။




တရုတ်နိုင်ငံမှ လှူဒါန်းသည့် ဓာတ်ဆီ ၁၇၀၀၀ တန် လွှဲပြောင်း၊ လက်ခံမှု မှတ်တမ်းဓာတ်ပုံ။

## ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှ ပေးပို့ထောက်ပံ့သည့်လှူဒါန်းပစ္စည်းမျိုးစုံလက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုစာရင်းချုပ်(၃၀-၃-၂၀၂၅ ရက်နေ့မှ ၁၂-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲအရွယ်အစားမျိုးစုံ | လုံး | ၁၄၅၇၁ | ၂၇၉၅ | ၈၀၁ | ၁၇၃၉ | ၁၀၀ | ၄၅၂၈ | ၄၆၀၈ | |
| ၂ | တာပေါ်လင်/မိုးကာစမျိုးစုံ | လိပ် | ၇၇၅ | ၁၀ | ၄၁၅ | - | - | - | ၃၅၀ | |
| | | အိတ် | ၄ | - | ၄ | - | - | - | - | |
| | | ထုပ် | ၂၇၆၁ | ၄ | ၂၅ | ၁၄၉၇ | - | ၃၆၄ | ၈၇၁ | |
| | | ဖာ | ၁၈၉ | ၁၈၉ | - | - | - | - | - | |
| | | ချပ် | ၂၃၉၀ | - | ၁၅၆ | ၁၂ | | ၆၄၅ | ၁၅၇၇ | |
| ၃ | Hygiene Kit | ခု | ၃၀၁၇ | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | ၄၃၈၆ | ၁၅၄၂ | ၂၀၇၈ | ၁၁၈ | ၆၄၈ | - | - | |
| ၄ | Kitchen Set | စုံ | ၃၆၂၄ | ၉၇၄ | ၁၅၂၀ | ၉၈၉ | ၁၄၁ | - | - | |
| | | ဖာ | ၆၁၈ | ၂၀၂ | ၃၉၁ | ၁၃ | ၁၂ | - | - | |
| ၅ | မီးစက် | လုံး | ၁၅၆ | ၃၄ | ၉၇ | ၂၃ | ၂ | - | - | |
| ၆ | ရေသန့်စက် | လုံး | ၁၀၀၃ | - | ၁၀၀၃ | - | - | - | - | |
| | | ဖာ | ၁၈ | - | - | - | - | - | - | |
| ၇ | Sleeping Bags | ထုပ် | ၄၀၀ | ၁၄၈ | ၂၂၄ | ၁၂ | ၁၆ | - | - | |
| | | ခု | ၁၄၄ | ၆၂ | ၇၄ | ၃ | ၅ | - | - | |
| | | ဖာ | ၁၆၄ | ၈၂ | ၇၀ | ၅ | ၇ | - | - | |
| ၈ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | မျိုး | ၇၈ | ၁၉ | ၃၉ | ၁၈ | ၂ | - | - | |
| | | ဖာ | ၁၆၇၁၃ | ၈၇၂၀ | ၆၄၃၂ | ၁၂၅၃ | ၃၀၈ | - | - | |
| | | အိတ် | ၂၅၀ | ၉၂ | ၁၄၀ | ၈ | ၁၀ | - | - | |
| | | ကတ် | ၁၀၀ | ၁၀၀ | - | - | - | - | - | |
| ၉ | လူသုံးကုန်ပစ္စည်းမျိုးစုံ | မျိုး | ၆၅ | ၁၉ | ၃၁ | ၇ | ၇ | - | ၁ | |
| | | ဖာ | ၃၅၅၉ | ၆၄၁ | ၁၉၃၇ | ၉၁၈ | ၆၃ | - | - | |
| | | ထုပ် | ၁၄၇၅ | ၅၄၈ | ၈၂၁ | ၆၀ | ၄၆ | - | - | |
| | | ခု | ၂၂၀ | ၈၁ | ၁၂၃ | ၉ | ၇ | - | - | |
| ၁၀ | အိမ်သုံးပစ္စည်းများ | မျိုး | ၃၆ | ၃ | ၂၁ | ၁၁ | ၁ | - | - | |
| | | ဖာ | ၉ | ၃ | ၄ | ၂ | - | - | - | |
| | | စုံ | ၂၀၀၀ | ၂၀၀၀ | - | - | - | - | - | |
| ၁၁ | လျှပ်စစ်ပစ္စည်းမျိုးစုံ | မျိုး | ၇ | ၂ | ၃ | ၁ | ၁ | - | - | |
| | | ဖာ | ၃၁၀ | ၁၂၂ | ၁၆၈ | ၁၂ | ၈ | - | - | |
| ၁၂ | ဆေးနှင့် ဆေးပစ္စည်းမျိုးစုံ | မျိုး | ၆၅၆ | ၁ | ၈ | - | ၂ | ၆၄၅ | - | |
| | | အိတ် | ၁၅၀၂၀ | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | ၂၀ | - | |
| | | ဖာ | ၁၆၆၅ | ၂၆ | - | - | - | ၁၆၃၉ | - | |
| ၁၃ | ခွဲစိတ်ခန်းသုံးပစ္စည်း | မျိုး | ၁၁၆ | - | - | - | - | ၁၁၆ | - | |



နေပြည်တော်ကောင်စီနယ်မြေအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းဓာတ်ပုံ။



မန္တလေးတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှု မှတ်တမ်းဓာတ်ပုံ။



ရှမ်းပြည်နယ်အတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှု မှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၈ မှ*

ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိပါသည်။

ယာယီရုံးအဖြစ် အသုံးပြုရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် Prefabricated Office အလုံး ၅၀၀ အနက် အလုံး ၃၄၀သည် ၂-၅-၂၀၂၅ ရက်နေ့တွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိခဲ့ရာ ၂၁၆ လုံးကို နေပြည်တော်သို့ ၆-၅-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးသို့ အလုံး ၈၀ နှင့် နေပြည်တော်သို့ ၄၄ လုံးတို့ကို ၁၂-၅-၂၀၂၅ ရက်နေ့တွင်လည်းကောင်း မြန်မာ့မီးရထားဖြင့် သယ်ဆောင်ခဲ့ပြီးဖြစ်၍ ယာယီရုံးခန်းများအဖြစ် အသုံးပြုနိုင်ရန် ဖြန့်ခွဲဆောင်ရွက်လျက်ရှိပါသည်။

ယာယီနေအိမ်အဖြစ် အသုံးပြုရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် Prefabricated House အလုံး ၄၅၀၀ အနက် ၁၅၇၆ လုံးသည် ၉-၅-၂၀၂၅ ရက်နေ့တွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးသို့ ၂၁၆ လုံး၊ နေပြည်တော်သို့ ၁၈၄ လုံးတို့ကို ၁၁-၅-၂၀၂၅ ရက်နေ့တွင် မြန်မာ့မီးရထားဖြင့် ပို့ဆောင်ခဲ့ရာ ၁၂-၅-၂၀၂၅ ရက်နေ့တွင် ရောက်ရှိခဲ့ပါသဖြင့် ဖြန့်ခွဲဆောင်ရွက်လျက်ရှိပြီး ထပ်မံပို့ဆောင်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ရက်သတ္တပတ် ၁ ပတ်အတွင်း လက်ခံရရှိသောလှူဒါန်းပစ္စည်းများ ခွဲဝေထောက်ပံ့မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘေးသင့်ပြည်သူများနှင့် ဝန်ထမ်းမိသားစုများကို နေပြည်တော်ကောင်စီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့၏အစီအစဉ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့်လည်းကောင်း ခွဲဝေထောက်ပံ့ ဆောင်ရွက်ပေးခဲ့ပါသည်။

ငလျင်လှုပ်ခတ်ခဲ့သည့် ၂၈-၃-၂၀၂၅ ရက်နေ့မှ ယနေ့အထိ လှူဒါန်းပစ္စည်းများ ဖြန့်ခွဲပေးပို့မှု စုစုပေါင်းမှာ မန္တလေးတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၅၇ စီး၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၂၉ စီး၊ ရှမ်းပြည်နယ်တောင်ပိုင်းသို့ မော်တော်ယာဉ် ၉ စီး ဖြစ်ပါသည်။

နိုင်ငံတကာအလှူရှင်များက ၅-၅-၂၀၂၅ ရက်နေ့မှ ၁၂-၅-၂၀၂၅ ရက်နေ့အထိ ရက်သတ္တပတ် ၁ ပတ်အတွင်း ပေးပို့လှူဒါန်းသည့် ပစ္စည်းများကို ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့်ရှမ်းပြည်နယ် (တောင်ပိုင်း) ရှိ ဘေးသင့်ပြည်သူများအတွက် ဖြန့်ခွဲပေးပို့ထားမှုကို ပူးတွဲပါဇယားများဖြင့် ဖော်ပြအပ်ပါသည်။ ထပ်မံလှူဒါန်းလာသည့် ပစ္စည်းများရောက်ရှိမှုနှင့် ငလျင်ဘေးသင့်ပြည်သူများထံ အမြန်ဆုံးရောက်ရှိဖြန့်ခွဲမှုတို့ကို ၁ ပတ်လျှင် ၁ ကြိမ် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

### ဗီယက်နမ်နိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု (၅-၅-၂၀၂၅ ရက်နေ့မှ ၁၂-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | ဖာ | ၂၉၉၁ | ၁၃၇၆ | ၁၃၄၆ | ၁၂၀ | ၁၄၉ | - | - | |
| ၂ | လူသုံးကုန်ပစ္စည်း | ထုပ် | ၇ | ၃ | ၂ | ၁ | ၁ | - | - | |

### ဘေးသင့်ပြည်သူများအတွက် မလေးရှားနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၅-၅-၂၀၂၅ ရက်နေ့မှ ၁၂-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | တာပေါ်လင်/ မိုးကာစမျိုးစုံ | လိပ် | ၃၅၀ | - | - | - | - | - | ၃၅၀ | လိုအပ်ချက်အပေါ်မူတည်၍ ဆက်လက် ဖြန့်ခွဲပါမည်။ |
| ၂ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | ဖာ | ၄၁၅ | ၁၉၀ | ၁၈၇ | ၁၇ | ၂၁ | - | - | |
| | | မျိုး | ၂ | ၁ | ၁ | - | - | - | - | |
| ၃ | လူသုံးကုန်ပစ္စည်းမျိုးစုံ | ဖာ | ၄ | ၁ | ၁ | ၁ | ၁ | - | - | |
| | | ထုပ် | ၁၇ | ၈ | ၇ | ၁ | ၁ | - | - | |
| ၄ | ဆေးနှင့်ဆေးပစ္စည်း | ဖာ | ၂ | - | - | - | - | ၂ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

### ဘရာဇီးနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု (၅-၅-၂၀၂၅ ရက်နေ့မှ ၁၂-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | ဖာ | ၃၀၄ | ၁၄၀ | ၁၃၇ | ၁၂ | ၁၅ | - | - | |
| ၂ | ရေသန့်စက် | ဖာ | ၁၈ | ၈ | ၈ | ၁ | ၁ | - | - | |
| ၃ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | ဖာ | ၅၅ | - | - | - | - | ၅၅ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

### ဗင်နီဇွဲလားဘိုလီဗာရီယန်သမ္မတနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု (၅-၅-၂၀၂၅ ရက်နေ့မှ ၁၂-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | ဖာ | ၃ | ၂ | ၁ | - | - | - | - | |
| ၂ | လူသုံးကုန်ပစ္စည်းမျိုးစုံ | ဖာ | ၁ | ၁ | - | - | - | - | - | |
| ၃ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | ဖာ | ၂၀ | - | - | - | - | ၂၀ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

# လူငယ်များဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး လူငယ်စင်တာများ ဖွင့်လှစ်ပေး

မောင်လူအေး(ရေစကြို)

> **“နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်သွားမည့် လူငယ်စင်တာများအားလုံးတွင် လူငယ်များ လက်လှမ်းမီဖတ်ရှုနိုင်မည့် သုတ၊ ရသစာအုပ်များ စုံလင်စွာပါရှိသည့် စာကြည့်တိုက်များ၊ E-libraryများ ဖွင့်လှစ်ထားရှိကာ လူငယ်စာဖတ်ဝိုင်းများ၊ လူငယ်စကားဝိုင်းများ၊ Talk Show များ၊ စာဖတ်စွမ်းရည် ပြိုင်ပွဲများ၊ ဆွေးနွေးပွဲများနှင့် ဟောပြောပွဲများကို စဉ်ဆက်မပြတ် ကျင်းပပြုလုပ်ပေးရမည်ဖြစ်ပါသည်။ အတန်းပညာနှင့် အတတ်ပညာအားနည်းသော လူငယ်များအတွက် ကျောင်းပြင်ပ ပညာရေး (Non-formal Education)နှင့် Informal Education တို့ကို ရပ်ရွာအခြေပြု သင်ကြားခြင်းသာမက လူငယ်စင်တာများ အခြေပြုလေ့ကျင့်သင်ကြားပေးနိုင်ရေး စီစဉ်ထားရှိခြင်းအားဖြင့် နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များ လေလွင့်ဆုံးရှုံးမှုမှ ကာကွယ်ပေးနိုင်မည်ဖြစ် ”**

ယနေ့လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်ရာ လူငယ်များကို ပြုစုပျိုးထောင်ပေးခြင်းသည် အနာဂတ်နိုင်ငံတော်ကို ဖန်တီးပုံဖော်နေခြင်းပင်ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံအများစုတွင် လူငယ်များ ပညာရည်မြင့်မားရေး၊ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်စေရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေး၊ အတွေးအခေါ်မှန်ကန်စေရေး၊ စိတ်ဓာတ်စည်းကမ်း ကောင်းမွန်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအပါအဝင် လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များ ချမှတ်ကာ လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

**နိုင်ငံ့သားကောင်းလူငယ်များဖြစ်လာစေရေး**

ကုလသမဂ္ဂအဖွဲ့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ လူငယ်ဆိုသည်မှာ အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်းရှိသူဖြစ်သည်။ သို့သော် မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒအရ လူငယ်ဆိုသည်မှာ အသက်အပိုင်းအခြား ၁၅ နှစ်မှ ၃၅ နှစ်အတွင်းရှိ မြန်မာနိုင်ငံသားများ ဖြစ်ကြပါသည်။ အနာဂတ်အလားအလာကောင်းများနှင့်ပြည့်ဝနေသည့် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒကို ၂၀၁၇ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ကျန်းမာကြံ့ခိုင်ရေး၊ ပညာရေး၊ လူမှုရေး၊ စွမ်းရည်၊ လူ့ကျင့်ဝတ်၊ လူ့တန်ဖိုးနှင့် ဦးဆောင်မှုအရည်အသွေး၊ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည်တို့တွင် သာတူညီမျှ ဘက်စုံဖွံ့ဖြိုးတိုးတက်သော လူငယ်များအဖြစ်ပျိုးထောင်ပေးကာ နိုင်ငံ့သားကောင်းလူငယ်များဖြစ်လာစေရေးရည်မှန်းထားရှိခြင်းဖြစ်သည်။

ယင်းလူငယ်များ စနစ်တကျ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ဆိုင်ရာ အဓိက ကဏ္ဍ ၁၆ ရပ် ဖော်ထုတ်ထားရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူငယ်စင်တာများ တည်ထောင်ဖွင့်လှစ်ကာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားရန်ဖြစ်သည်။

လူငယ်စင်တာဆိုသည်မှာ အနုပညာ၊ အားကစားလှုပ်ရှားမှုများ အပါအဝင် လူငယ်ရေးရာကိစ္စရပ်များ ဆောင်ရွက်နိုင်ပြီး အချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံသင်ယူနိုင်မည့်နေရာကို ဆိုလိုခြင်းဖြစ်ကြောင်း လူငယ်ရေးရာမူဝါဒ(၂၀၁၇)တွင် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ သို့သော် လူငယ်စင်တာ၏ ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံ၊ တည်နေရာ၊ အကျယ်အဝန်း၊ အတိုင်းအတာ၊ ဝန်ထမ်းအင်အားနှင့် ဝန်ဆောင်မှုများ၊ အထောက်အကူပြုပစ္စည်းများ ပံ့ပိုးထားရှိမှု၊ ဘတ်ဂျက်သုံးစွဲမှုတို့နှင့် ပတ်သက်၍ တိတိကျကျဖော်ပြပါရှိခြင်းမရှိသည့်အတွက် လူငယ်စင်တာ လုပ်ငန်းလမ်းညွှန် (Terms of Reference-TOR)နှင့် လူငယ်စင်တာစံလုပ်ထုံးလုပ်နည်းများ (Standard Operating Procedures -SOP)တို့ကို ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

**လူငယ်စင်တာ ဖွင့်လှစ်ထားရှိ**

နိုင်ငံတကာတွင် လူငယ်စင်တာ(Youth Center)အား လူငယ်များ ရင်းရင်းနှီးနှီး တွေ့ဆုံ ဆွေးနွေးနိုင်ရန်နှင့် အားကစား၊ ဂီတ၊ အနုပညာ၊ ဘာသာရေးအပါအဝင် အသင်းအဖွဲ့အလိုက် လှုပ်ရှားမှုများဆောင်ရွက်ခြင်း၊ ဟောပြောဆွေးနွေးခြင်း၊ အကြံဉာဏ်ပေးခြင်း၊ လေ့လာရေးခရီးစဉ်များနှင့် ရပ်ရွာအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ထားရှိခြင်းဖြစ်ပြီး လူငယ်ကလပ် (Youth Club) ဟုလည်း ခေါ်ဝေါ်သုံးစွဲကြောင်း လေ့လာတွေ့ရှိရပါသည်။

၂၅-၃-၂၀၂၅ ရက်နေ့တွင် ကျင်းပခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က “မြန်မာနိုင်ငံလူဦးရေသည် ၅၁ သန်းခန့်ရှိပြီး လူဦးရေ ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြနေသူများဖြစ်ကာ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်ကြောင်း၊ စာတတ်မြောက်ခြင်းနှင့် ပညာတတ်မြောက်ခြင်း ရာခိုင်နှုန်းကို ခွဲကြည့်မည်ဆိုပါက စာတတ်မြောက်မှုသည် ၉၀ ရာခိုင်နှုန်းနီးပါးခန့်ရှိပြီး အတတ်ပညာ၊ အတန်းပညာ တတ်မြောက်မှုသည် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းထက် နည်းပါးသည်ကိုတွေ့ရကြောင်း၊ ပညာရေးအရ၊ အတတ်ပညာအရ အားနည်းသူများဖြင့် နိုင်ငံတော်ကိုတည်ဆောက်မည်ဆိုပါက စိန်ခေါ်မှုများစွာကို ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံရေးတွင် ပညာတတ်မြောက်ခြင်း၊ မတတ်မြောက်ခြင်းသည် နိုင်ငံရေးတည်ငြိမ်မှုအပေါ်တွင် သက်ရောက်မှုရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အတန်းပညာအားနည်းခဲ့သူများကို ပစ်ထား၍ရမည်မဟုတ်ဘဲ ကျောင်းပြင်ပ ပညာရေးနှင့် ဗဟုသုတရှာမှီးရေးအတွက် စာကြည့်တိုက်များ ဒေသအလိုက်ပြုလုပ်ပေးခြင်း၊ စာကြည့်တိုက်လုပ်ငန်းများကို အားပေးခြင်း၊ စာဖတ်ဝိုင်းများ စီစဉ်ပေးခြင်းစသည့် ကျောင်းပြင်ပပညာရေးဖြင့် အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း” လမ်းညွှန်မှုပြုခဲ့ပါသည်။

**လေလွင့်ဆုံးရှုံးမှုမှ ကာကွယ်ပေးနိုင်မည်**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်သွားမည့် လူငယ်စင်တာများအားလုံးတွင် လူငယ်များ လက်လှမ်းမီ ဖတ်ရှုနိုင်မည့် သုတ၊ ရသစာအုပ်များ စုံလင်စွာပါရှိသည့် စာကြည့်တိုက်များ၊ E-libraryများ ဖွင့်လှစ်ထားရှိကာ လူငယ်စာဖတ်ဝိုင်းများ၊ လူငယ်စကားဝိုင်းများ၊ Talk Showများ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများ၊ ဆွေးနွေးပွဲများနှင့် ဟောပြောပွဲများကို စဉ်ဆက်မပြတ် ကျင်းပပြုလုပ်ပေးရမည် ဖြစ်ပါသည်။ အတန်းပညာနှင့် အတတ်ပညာအားနည်းသော လူငယ်များအတွက် ကျောင်းပြင်ပပညာရေး (Non-formal Education)နှင့် Informal Education တို့ကို ရပ်ရွာအခြေပြု သင်ကြားခြင်းသာမက လူငယ်စင်တာများ အခြေပြုလေ့ကျင့်သင်ကြားပေးနိုင်ရေး စီစဉ်ထားရှိခြင်းအားဖြင့် နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များ လေလွင့်ဆုံးရှုံးမှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

လူငယ်များ မိမိတို့နေထိုင်ရာ ရပ်ရွာပတ်ဝန်းကျင်အကြောင်း လေ့လာသိရှိနိုင်စေရန်၊ လေ့လာရေးခရီးစဉ်များတွင် ပါဝင်နိုင်ရန်၊ အနာဂတ်ရည်မှန်းချက်ပန်းတိုင်နှင့်စပ်လျဉ်း၍ အကြံဉာဏ်ကောင်းများ ရရှိနိုင်စေရန်၊ တစ်ကိုယ်ရေကျန်းမာရေး၊ စိတ်ကျန်းမာရေးနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများရရှိစေရန်၊ နှစ်သိမ့်ဆွေးနွေးပေးခြင်းနှင့် အသိပညာပေးခြင်းဆိုင်ရာ ဝန်ဆောင်မှုများရရှိစေရန်၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာများ ရရှိစေရန်နှင့် ကိုယ်ကျင့်တရားကောင်းမွန်သည့် နိုင်ငံ့သားကောင်း လူငယ်များ ပြုစုပျိုးထောင်ပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် လူငယ်စင်တာများအား ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။

အချို့သော လူငယ်စင်တာများမှာမူ လမ်းပေါ်နေလူငယ်များ၊ အခက်အခဲကြုံတွေ့နေရသည့် လူငယ်များအတွက် ၎င်းတို့ဝါသနာပါရာ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်း ဖြစ်သည်။

**စွမ်းဆောင်ရည်ပြည့်ဝသော လူငယ်များကို မွေးထုတ်**

လူငယ်စင်တာဖွင့်လှစ်ရသည့် ရည်ရွယ်ချက်အပေါ်မူတည်၍ လူငယ်စင်တာများအကြား ပံ့ပိုးဆောင်ရွက်ပေးသည့်အစီအစဉ်များနှင့်ဝန်ဆောင်မှုများ ကွဲပြားခြားနားမှုရှိနိုင်ပါသည်။ ယေဘုယျအားဖြင့် လူငယ်စင်တာများသည် လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် အားကစားနှင့်အပန်းဖြေခြင်း၊ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှု၊ ပေါင်းသင်းဆက်ဆံရေး၊ ဘာသာရေး၊ အနုပညာနှင့် ယဉ်ကျေးမှု၊ ဆန်းသစ်တီထွင်မှု၊ စွန့်ဦးတီထွင်မှု၊ ခေါင်းဆောင်မှု၊ စီမံခန့်ခွဲမှု၊ ဘဝတစ်သက်တာကျွမ်းကျင်မှုများစသည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် အသက်မွေးဝမ်းကျောင်းနှင့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ တတ်မြောက်စေရန် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်သည်။ ရပ်ရွာအကျိုး၊ နိုင်ငံ့အကျိုးကို သယ်ပိုးဆောင်ရွက်လိုသည့် အမိနိုင်ငံတော်၏ အနာဂတ်ပုံရိပ်ကို မြှင့်တင်ပေးနိုင်မည့် စွမ်းဆောင်ရည်ပြည့်ဝသော လူငယ်များကို မွေးထုတ်ပေးသည့် နေရာတစ်ခုဖြစ်ပါသည်။

ပြီးပြည့်စုံသော လူငယ်စင်တာတစ်ခုတွင် လူငယ်များအချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံသင်ယူနိုင်ပြီး အယူအဆ၊ အတွေးအမြင်၊ အကြံဉာဏ်နှင့် စိတ်ကူးများ မွေးထုတ်ပေးကာ ယင်းစိတ်ကူး၊ အကြံဉာဏ်

*စာမျက်နှာ ၁၁ သို့*

◆ **လူငယ်များ မိမိတို့နေထိုင်ရာ ရပ်ရွာပတ်ဝန်းကျင်အကြောင်း လေ့လာသိရှိနိုင်စေရန်၊ လေ့လာရေးခရီးစဉ်များတွင် ပါဝင်နိုင်ရန်၊ အနာဂတ်ရည်မှန်းချက်ပန်းတိုင်နှင့်စပ်လျဉ်း၍ အကြံဉာဏ်ကောင်းများရရှိနိုင်စေရန်၊ တစ်ကိုယ်ရေကျန်းမာရေး၊ စိတ်ကျန်းမာရေးနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများရရှိစေရန်၊ နှစ်သိမ့်ဆွေးနွေးပေးခြင်းနှင့် အသိပညာပေးခြင်းဆိုင်ရာ ဝန်ဆောင်မှုများရရှိစေရန်၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာများရရှိစေရန်နှင့် ကိုယ်ကျင့်တရားကောင်းမွန်သည့် နိုင်ငံ့သားကောင်းလူငယ်များ ပြုစုပျိုးထောင်ပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် လူငယ်စင်တာများအား ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိ**

*စာမျက်နှာ ၁၀ မှ*

များကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့်အရင်းအမြစ်များ ပံ့ပိုးပေးနိုင်အောင် စီစဉ်ဖန်တီးပေးရမည်ဖြစ်သည်။ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး၊ နိုင်ငံတော်ကအားထားရသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာစေရေးအတွက် လူငယ်စင်တာများတွင် ၂၁ ရာစု ကျွမ်းကျင်မှုအတတ်ပညာများ (21st Century Skills)၊ စီမံခန့်ခွဲမှုအတတ်ပညာ (Management Skills/ Soft Skills)၊ ဒစ်ဂျစ်တယ်/ ငွေကြေးဆိုင်ရာကျွမ်းကျင်တတ်မြောက်မှု (Digital/ Financial Literacy)၊ ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော ကျွမ်းကျင်မှုသင်တန်း (Skills Training)များ ဖွင့်လှစ်သင်ကြားပေးနိုင်မည့် သင်ကြားသင်ယူမှုဗဟိုဌာန(Learning Hub)များ စီစဉ်ထား ရှိပေးရမည်ဖြစ်သည်။ လူငယ်များ၏ အနာဂတ်ဘဝအောင်မြင်တိုးတက်စေရန်အတွက် လိုအပ်သည့် ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်မှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် လူ့အဖွဲ့အစည်းအား အကျိုးပြုသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာစေမည်ဖြစ်သည်။

**◆ လူငယ်များ၏ အနာဂတ်ဘဝအောင်မြင်တိုးတက်စေရန်အတွက် လိုအပ်သည့် ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်မှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် လူ့အဖွဲ့အစည်းအား အကျိုးပြုသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာစေမည်ဖြစ်**

### အလုပ်ရုံဆွေးနွေးပွဲများနှင့် ဖိုရမ်များပြုလုပ်

လူငယ်ရေးရာကော်မတီလှုပ်ရှားမှုများ၊ လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် လူငယ်စင်တာများ ပီပီပြင်ပြင် ဖြစ်ပေါ်လာစေရေး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် လူငယ်ရေးရာကော်မတီများက နှစ်အလိုက် ဘတ်ဂျက်လျာထားရေးဆွဲ ဆောင်ရွက်သွားရန် ၁၄-၂-၂၀၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီအစည်းအဝေးတွင် အတည်ပြုထားပြီးဖြစ်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များ၏ မြေမျက်နှာသွင်ပြင်၊ လမ်းပန်းဆက်သွယ်ရေး၊ လူငယ်ဦးရေ၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ အားသာချက်/ အားနည်းချက်များအပေါ်မူတည်၍ လူငယ်စင်တာများ၏ တည်နေရာ၊ ဖွဲ့စည်းပုံ၊ ဦးတည်အုပ်စု၊ အဆောက်အအုံ ဒီဇိုင်းနှင့်ဝန်ဆောင်မှုများ အနည်းငယ်ကွဲပြားခြားနားမှုရှိနိုင်မည်ဖြစ်သော်လည်း လူငယ်စင်တာတစ်ခုတွင် အနိမ့်ဆုံးထားရှိရမည့် စံသတ်မှတ်ချက်များ တစ်ပြေးညီဖြစ်စေရေး သက်ဆိုင်ရာ အကျိုးဆိုင်သူ(Stakeholder)များ ပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲများနှင့် ဖိုရမ်များပြုလုပ်ကာ ရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်သည်။

၁၉-၆-၂၀၁၉ ရက်နေ့တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီအဖွဲ့ဝင် လူငယ်ကိုယ်စားလှယ်များ၏ တွေ့ဆုံဆွေးနွေးပွဲမှ အကြမ်းဖျင်း ဖော်ထုတ်ထားသည့် စံနှုန်းများမှာ လူငယ်စင်တာတည်ဆောက်ရန်အတွက် မြေအကျယ်အဝန်း အနည်းဆုံး နှစ်ဧကရှိရမည်ဖြစ်ပြီး မြို့နယ်နိမိတ်အတွင်း လူငယ်များ အလွယ်တကူသွားလာနိုင်မည့်နေရာဖြစ်ရန်နှင့် လူငယ်စင်တာတစ်ခုတွင် အနည်းဆုံးပါရှိရမည့် စံသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) Conference Hall (ညီလာခံခန်းမ)
(၂) Meeting Room (အစည်းအဝေးခန်းမ)
(၃) Library (စာကြည့်တိုက်)
(၄) Youth Hostel (တည်းခိုဆောင်)
(၅) Training Rooms (သင်တန်းခန်းများ)
(၆) Office Rooms (ရုံးခန်းများ)
(၇) Playground/ Indoor Stadium (ကစားကွင်း/ မိုးလုံလေလုံ ကစားကွင်း)
(၈) Fitness Center (ကြံ့ခိုင်မှုလေ့ကျင့်ရေးစင်တာ)
(၉) Arts Corner (အနုပညာဖန်တီးပြသရန်နေရာ)
(၁၀) Lobby (ဧည့်တွေ့ဆောင်)
(၁၁) Car Parking (ကားရပ်နားရန်နေရာ)

လူငယ်စင်တာတစ်ခုတွင် ပါရှိရမည့် စံသတ်မှတ်ချက်များနှင့် ပတ်သက်၍ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ အနည်းငယ်ကွဲပြားခြားနားမှုရှိမည်ဖြစ်သော်လည်း လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များ ထည့်သွင်းထားရှိမှုတွင် ကွာခြားမှုမရှိပေ။ ရုရှားနိုင်ငံ Borisoglebsk မြို့ရှိ လူငယ်စင်တာတစ်ခုတွင်လည်း လူငယ်ရေးရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် ညီလာခံခန်းမ၊ အစည်းအဝေးခန်း၊ ဧည့်ခန်းမ၊ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရန်နေရာများ ထည့်သွင်းဖွဲ့စည်းထားရှိပြီး အသက်မွေးဝမ်းကျောင်းပညာရပ်များ၊ စိုက်ပျိုးရေးပညာရပ်များ လေ့လာသင်ယူနိုင်ရန်အတွက် စာကြည့်တိုက်၊ စာသင်ဆောင်များ၊ သက်မွေးပညာသင်တန်းခန်းမ၊ စိုက်ပျိုးရေးခြံမြေများပါဝင်ကာ လူငယ်များ သက်သောင့်သက်သာရှိစေရန်နှင့် အပန်းဖြေအနားယူနိုင်ရန်အတွက် စားသောက်ဆိုင်၊ ကော်ဖီဆိုင်၊ ရိပ်သာ၊ အိပ်ဆောင်နှင့် ကစားကွင်းများ ပံ့ပိုးထားရှိပေးထားပါသည်။

ထို့အတူ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ Cultural Center & Youth Hostel တွင်လည်း လူငယ်များ အနုပညာနှင့်လူငယ်ရေးရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် ယဉ်ကျေးမှုဗဟိုဌာန(Cultural Hub)၌ ဧည့်ခန်းမ၊ ပြိုင်ပွဲခန်းမ၊ ဘက်စုံသုံးခန်းမ၊ ပြပွဲခန်းမ၊ နားနေခန်း၊ ကော်ဖီဘား၊ စာသင်ခန်းမ၊ ညီလာခံ/ ဆွေးနွေးပွဲ/ သင်တန်းခန်းမ၊ အုပ်ချုပ်စီမံခန်း၊ အလုပ်ရုံခန်းမနှင့်နေရာများ ထည့်သွင်းတည်ဆောက်ထားသကဲ့သို့ ဆန်းသစ်တီထွင်ဖန်တီးမှုများ ပြုလုပ်နိုင်ရန်အတွက် တီထွင်ဖန်တီးမှုဗဟိုဌာန (Creative Hub) ပါရှိပြီး သတင်းအချက်အလက်နှင့် နည်းပညာစင်တာ၊ လက်မှုပစ္စည်းအလုပ်ရုံ၊ ဆန်းသစ်တီထွင်ဖန်တီးပုံဖော်ခြင်းခန်းမ၊ ပန်းချီခန်းမ၊ ပန်းပုခန်းမ၊ ကော်ဖီဆိုင်တို့ ပါရှိပါသည်။ လူငယ်များ အားကစားလှုပ်ရှားဆောင်ရွက်နိုင်ရန်နှင့် အပန်းဖြေအနားယူနိုင်စေရန်အတွက် Sports Hubတွင် Squash အားကစားခန်းမ၊ ကြံ့ခိုင်မှုလေ့ကျင့်ရေးခန်းမ၊ တင်းနစ်ကွင်း၊ အဝတ်လဲခန်း၊ ပစ္စည်းသိမ်းရန်နေရာ၊ မီးဖိုဆောင်၊ စားသောက်ဆိုင်၊ စတိုခန်းများ ပါဝင်သည်ကို လေ့လာတွေ့ရှိရပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ နွေရာသီအင်္ဂလိပ်စာသင်တန်းဖွင့်

**ရန်ကုန် မေ ၁၃**

နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာ (Grammar) ဘာသာရပ်ကို ပိုမိုတတ်ကျွမ်းနိုင်စေရန် ရည်ရွယ်၍ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးလျက် အင်္ဂလိပ်စာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်အတွင်း ပဒံကျေးရွာအုပ်စု အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း (မလိခအဆောင်) ခန်းမ၌ ပြုလုပ်သည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက အမှာစကား ပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျော်သက်ထားဝင်းက နွေရာသီကျောင်းပိတ်ရက်ကာလတွင် အင်္ဂလိပ်စာ (Grammar) သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ကျောင်းသားကျောင်းသူများ သင်တန်းကာလအတွင်း အကျိုးရှိအောင် မပျက်မကွက်တက်ရောက်ကြရန် မှာကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးကြည်ထွန်းက နွေရာသီကျောင်းပိတ်ရက် ကာလတွင် အကျိုးရှိစေမည့် သင်တန်းဖွင့်လှစ်သင်ကြားပေးသည့်အတွက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ကို အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းသင်တန်းတွင် သင်တန်းနည်းပြဆရာ နှစ်ဦးနှင့် ဆရာမ နှစ်ဦးတို့က သင်ကြားပြသပေးသွားမည်ဖြစ်ပြီး သင်တန်းကို မေ ၁၂ ရက်မှ ၂၁ ရက်အထိ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ သင်ကြားပြသမည်ဖြစ်ရာ သင်တန်းသို့ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၀ သင်ကြားလျက်ရှိကြောင်း သိရသည်။

**ကျော်သန်း(ပြန်/ဆက်)**

■ *ကျော့ဖုံးမှ*

ရက်ဖီးလ်အသင်းသည်နိုင်ပွဲရရေး ခြေကုန်ထုတ်လာသော ဘရစ္စတိုးလ်အသင်း၏ တုံ့ပြန်ကစားပုံကောင်းမွန်မှုကြောင့် မိနစ် ၄၀ အထိ သွင်းဂိုးရရေး အခက်တွေ့ခဲ့သည်။

သို့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် ရက်ဖီးလ်အသင်း၏ တရစပ် ထိုးဖောက်တိုက်စစ်ဆင်မှုများကို ဘရစ္စတိုးလ်အသင်း၏ ခံစစ်နှင့် ဂိုးသမားတို့ ဟန့်တားကာကွယ်နိုင်စွမ်းမရှိဘဲ သွင်းဂိုးများ ဆက်တိုက်ခွင့်ပြုပေးခဲ့ရသည်။ ရက်ဖီးလ်အသင်းအတွက် သွင်းဂိုးများကို မော်ရီ၊ ဟမ်းမားနှင့် အိုဟာရီတို့က ပွဲကစားချိန် ၄၁ မိနစ်၊ ၅၂ မိနစ်နှင့် ၈၃ မိနစ်တို့တွင် သွင်းယူပေးခဲ့သည်။

### ယှဉ်ပြိုင်ကစားရမည်

ရှုံးထွက်ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သော ရက်ဖီးလ်အသင်းသည် အခြားတစ်ဖက်တွင် ကိုဗင်ထရီနှင့် ဆန်းဒါးလန်းအသင်းတို့ထဲမှ အနိုင်ရရှိမည့်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ အဆိုပါ ရှုံးထွက်ဗိုလ်လုပွဲကို လာမည့် မေ ၂၄ ရက်တွင် လန်ဒန်မြို့ရှိ ဝင်ဘလေအားကစားကွင်း၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

ရှုံးထွက်ဗိုလ်လုပွဲတွင် အနိုင်ရရှိမည့်အသင်းသည် ပရီမီယာလိဂ်လက်ကျန်တန်းတက်ခွင့် တစ်နေရာကို ရရှိမည်ဖြစ်သည်။

**အောင်ဇော်**

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစီမံကိန်း ဆောင်ရွက်သည့် တောင်သူများက ဝယ်ယူကြိတ်ခွဲတင်ပို့သူအစုအဖွဲ့သို့ သီးနှံ အပ်နှံသည့်အခမ်းအနားကျင်းပ

**ညောင်တုန်း မေ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစီမံကိန်းဆောင်ရွင်သည့် တောင်သူများက ဝယ်ယူကြိတ်ခွဲတင်ပို့သူအစုအဖွဲ့သို့ သီးနှံ အပ်နှံသည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက တူးချောင်းကျေးရွာအုပ်စု ခွန်အားဆန်စက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်က အမှာစကားပြောကြား၍ မြို့နယ်နိုင်ငံ့စီးပွားမြှင့်တင်ရန်ပုံငွေကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးလူချောက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစီမံကိန်းဆောင်ရွက်သည့် တောင်သူများက ဝယ်ယူကြိတ်ခွဲတင်ပို့သူအစုအဖွဲ့ထံသို့ နွေစပါးသီးနှံများ အပ်နှံခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးတက္ကသိုလ်ရှိ ငလျင်ဒဏ်ကြောင့် မီးလောင်ပြိုကျပျက်စီးခဲ့သော ပင်မဆောင်နေရာအား ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် စဉ့်ကိုင်မြို့နယ်အတွင်း ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား အထူးဈေးနှုန်းဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးစဉ်။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၃**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းမြို့ရှိ အစိုးရဌာနဆိုင်ရာ အဆောက်အအုံများ၊ လူနေရပ်ကွက်နှင့် အိမ်များ၊ သာသနိကအဆောက်အအုံနေရာများ၌ အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုများနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀)ပြည့်အားကစားခန်းမ၌ ငလျင်ဒဏ်သင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ သေဆုံး/ဒဏ်ရာရ မိသားစုဝင်များအတွက် ထောက်ပံ့ငွေကျပ် ၂၃၃၆၅၀၀၀၊ အာဆီယံလူသားချင်းစာနာထောက်ထားမှု ကူညီရေးညှိနှိုင်းမှုဗဟိုဌာန (AHA Center)က မီးဖိုချောင်သုံးပစ္စည်းများနှင့် တရုတ်နိုင်ငံက တစ်ကိုယ်ရည်သုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်၍ နိုင်ငံတော်က ထောက်ပံ့ပေးသော ငွေကြေးများ၊ ထောက်ပံ့ပစ္စည်းများ၊ ရိက္ခာများနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားပြီး ပြည်သူများလက်ဝယ်သို့ အရောက် ထောက်ပံ့ပေးအပ်သည်။ ထို့နောက် ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် အိမ်ဆောက်ပစ္စည်းအရောင်းပြခန်း၌ ပြည်သူများ စည်ကားသိုက်မြိုက်စွာ ဝယ်ယူနေမှုတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် မီးလောင်ပြိုကျပျက်စီးခဲ့သော မန္တလေးတက္ကသိုလ်ပင်မဆောင်ရှိ အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆဲ အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ ဆရာ ဆရာမများအတွက် စားသောက်ဖွယ်ရာများပေးအပ်ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ချမ်းအေးသာစံမြို့နယ် ၇၃လမ်းနှင့် လမ်း ၃၀ ထောင့်ရှိ ယခင်မင်္ဂလာဈေးနေရာတွင် ငလျင်ဘေးသင့်ပြည်သူများအတွက် အိမ်ဆောက်ပစ္စည်းများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ပြင်ပပေါက်ဈေးထက် သက်သာစွာရောင်းချပေးနေမှုအခြေအနေများကို လည်းကောင်း၊ လာရောက်ဝယ်ယူကြသည့် ပြည်သူများနှင့်တွေ့ဆုံ၍ လွတ်လပ်လွယ်ကူစွာ ဝယ်ယူနိုင်မှု ရှိ/မရှိ အခြေအနေများကိုလည်းကောင်း မေးမြန်းအားပေးစကားပြောကြားပြီး အိမ်ဆောက်ပစ္စည်းများ အဆင်ပြေချောမွေ့စွာ ဝယ်ယူနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ သာသနိကအဆောက်အအုံနေရာများ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား စက်ယန္တရားကြီးများဖြင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများ၊ ဘုရားစေတီပုထိုးများတွင် ရေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းစဉ် တွေ့ရှိရသော ဌာပနာပစ္စည်းများ စနစ်တကျအပ်နှံထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းကာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ အမရပူရမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကို ကြည့်ရှု၍ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန်အတွက် စခန်းသွင်းလေ့ကျင့်သင်ကြားနေသည့် ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများအား တွေ့ဆုံအားပေးစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ ရွှေမုဋ္ဌောဘုရားရင်ပြင်၌ ပြိုကျပျက်စီးသွားသော သာသနိကအဆောက်အအုံများနှင့် ဂန္ဓာကုဋ္ဌိတိုက်များ၊ ငလျင်ဒဏ်ကြောင့် တိမ်းစောင်းသွားသော ကျောက်သေတ္တာစေတီ၌ မိုးရွာသွန်းမှုများကြောင့် စေတီအောက်ခြေ ရေမဝင်ရောက်စေရေးအတွက် ပလတ်စတစ်အမိုးများ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ရေတိုက်စားမှုမဖြစ်ပေါ်စေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ ဘုရားပရိဝုဏ်အတွင်း ဝိုင်းဝန်းလုပ်အားပေးဆောင်ရွက်နေသော မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးအသင်းအဖွဲ့များအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ဆီဆုံကျေးရွာအုပ်စုအတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့်ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဆောက်လုပ်ရေးပစ္စည်းများကို စက်ရုံထုတ် အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအခြေအနေများနှင့် Modular House များ ဆောက်လုပ်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ရွာခိုင်ရပ်ကွက်ရှိ တိုက်ကျောင်းပရိယတ္တိစာသင်တိုက် မြို့နယ်သံဃနာယကအကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဦးဝရသာမိအား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော သာသနိကအဆောက်အအုံများ၊ ဘုရားစေတီများ ပြန်လည်ပြုပြင်မွမ်းမံရေးကိစ္စရပ်များနှင့် စပ်လျဉ်းပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဘဲလင်းအကျဉ်းဦးစီးဌာန(၁)နှင့် ဘယ်လင်းအကျဉ်းဦးစီးဌာန(၂)တို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း စာဖတ်ရှိန်မြင့်တင်ရေးလုပ်ငန်းများ အရှိန်မြင့်တင်ဆောင်ရွက်

**ရန်ကုန် မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ လူငယ်စင်တာ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်း စာဖတ်ရှိန်မြင့်မားရေးလုပ်ငန်းများ အရှိန်အဟုန်တိုးမြှင့်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာအထောက်အကူပြု လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးက မိမိတို့ကော်မတီအနေဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ လူငယ်စင်တာကို အောင်မြင်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ ကော်မတီဝင် ဒေါ်ခင်လေးစိုးက စာကြည့်တိုက်လုပ်ငန်းများ စနစ်တကျရှိအောင် ဆောင်ရွက်ကြရန်နှင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် လူငယ်ကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရပ်ကွက်/ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြင့်တင်ရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်မည့် အခြေအနေများကို တင်ပြဆွေးနွေးသည်။



ဆက်လက်၍ တက်ရောက်လာသည့် ခရိုင်/မြို့နယ်ဦးစီးမှူးများနှင့် ကော်မတီဝင်များက ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို တင်ပြပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြင့်တင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် မေ ၁၃**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ် မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများကို ဧပြီ ၂၂ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် သင်တန်းနည်းပြများ၊ သင်တန်းအုပ်ချုပ်သူများ၊ တာဝန်ရှိသူများနှင့်အတူ သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆို၍ သီရိမဟာဇေယျကျော်ထင်ခန်းမ၌ တပ်မတော်(ရေ) Documentary အားပြသပြီး ရေကြောင်းပြခန်းနှင့် ဥတ္တရဆောင်ရှိ စာသင်ခန်းတို့ကို လေ့လာခြင်း၊ Torpedo Trainer နှင့် ရေတပ်အမြောက်အမြားလေ့လာခြင်း၊ Welding Simulator ၊ Electrical Trainer နှင့် Cutaway Model များအား လေ့လာခြင်း၊ Damage Control Simulator–Zarmani အား လေ့လာခြင်း၊ Ship Handling Simulator နှင့် Engine Room Simulator များအား လေ့လာခြင်းနှင့် သမိုင်းဝင်စစ်ရေယာဉ်



ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းသား သင်တန်းသူများ ရေကြောင်းပညာရပ်များအား လက်တွေ့ကွင်းဆင်းလေ့လာစဉ်။

(မေယု)တို့ကို လှည့်လည်ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်ကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများသည် ရေတပ်သင်္ဘောကျင်းဌာနချုပ်သို့ ရောက်ရှိကြပြီး စိတ်ဓာတ်မြှင့်တင်ရေးခန်းမ၊ ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းများ၊ လွှန်းတင်ပြင်ဆင်လျက်ရှိသော ရေယာဉ်များ၏ပြုပြင်ရေးဆောင်ရွက်နေမှုများနှင့် Ship Lift System စနစ်ဖြင့် ရေယာဉ်များ လွှန်းတင်/လွှန်းချခြင်းများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် သင်တန်းသား သင်တန်းသူများသည် တပ်မတော်(ရေ)မှ စစ်ရေယာဉ်(မုတ္တမ)ဖြင့် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် လေ့လာရေးသွားရောက်ကြရာ လေ့လာရေးခရီးစဉ်အတွင်း စစ်ရေယာဉ်၏ ရေယာဉ်ဆိုင်ရာ အချက်အလက်များ၊ လက်နက်နှင့် လက်နက်စနစ်များ၊ စက်ပိုင်းဆိုင်ရာစနစ်များ၊ ရေကြောင်းသွားလာရေးဆိုင်ရာ အထွေထွေဗဟုသုတများ၊ ဆက်သွယ်ရေးနှင့် အီလက်ထရောနစ်ဆိုင်ရာစနစ်များ၊ ရေယာဉ်ခုတ်မောင်းနေစဉ် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် အခြားသိသင့်သိထိုက်သည်များကို စိတ်ပါဝင်စားစွာ လေ့လာကြပြီး တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

အလားတူ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းစခန်း ၁၅ ခုမှ ထူးချွန်ဆုရသင်တန်းသားများသည် ယနေ့တွင် နေပြည်တော်လေတပ်စခန်း၌ လေယာဉ်/ရဟတ်ယာဉ်များ လိုက်ပါမပျံသန်းမီ အထွေထွေကျန်းမာရေးစစ်ဆေးခြင်းနှင့် ကြိုတင်လေ့ကျင့်သင်ကြားဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး လေယာဉ်မောင်းသင်ကျောင်းမှ နည်းပြလေသူရဲများနှင့်အတူ အမောင်းသင်လေယာဉ်/ရဟတ်ယာဉ်များကို လက်တွေ့လိုက်ပါပျံသန်းခြင်းများ ဆောင်ရွက်ကြသည်။

ထို့အတူ နေပြည်တော်ကောင်စီနယ်မြေရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ စခန်းပေါင်းစုံ အခြေခံစစ်ရေးပြပြိုင်ပွဲများ၊ RC Simulator မောင်းနှင်ခြင်းနှင့် Flight Simulator မောင်းနှင်ခြင်းပြိုင်ပွဲများ၊ RC လေယာဉ်မောင်းနှင်ခြင်းနှင့် RC ရဟတ်ယာဉ်မောင်းနှင်ခြင်းပြိုင်ပွဲများကို ပြုလုပ်ရာ မြန်မာပြည်မြောက်ပိုင်းသင်တန်းစခန်း၊ မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်း၊ ရန်ကုန်သင်တန်းစခန်း၊ မော်လမြိုင်သင်တန်းစခန်း၊ နမ့်စန်သင်တန်းစခန်း၊ တောင်ကြီးသင်တန်းစခန်း၊ တောင်ငူသင်တန်းစခန်း၊ ပြည်သင်တန်းစခန်း၊ မြိတ်သင်တန်းစခန်း၊ မကွေးသင်တန်းစခန်း၊ ပုသိမ်သင်တန်းစခန်း၊ မိတ္ထီလာသင်တန်းစခန်း၊ နေပြည်တော်သင်တန်းစခန်း၊ ကျိုင်းတုံသင်တန်းစခန်းနှင့် ကိုကိုးကျွန်းသင်တန်းစခန်း စသည့်လေကြောင်းလူငယ်သင်တန်းစခန်း ၁၅ ခုမှ သင်တန်းသားများက ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



စခန်းပေါင်းစုံ အခြေခံစစ်ရေးပြပြိုင်ပွဲများ၊ RC Simulator မောင်းနှင်ခြင်းနှင့် Flight Simulator မောင်းနှင်ခြင်းပြိုင်ပွဲများ၊ RC လေယာဉ်မောင်းနှင်ခြင်းနှင့် RC ရဟတ်ယာဉ်မောင်းနှင်ခြင်းပြိုင်ပွဲများ ကျင်းပစဉ်။



ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းသား သင်တန်းသူများ ရေကြောင်းပညာရပ်များအား လက်တွေ့ကွင်းဆင်းလေ့လာစဉ်။

## မြစ်သားမြို့နယ်၌ နွေစပါးစိုက်ပျိုးတောင်သူများအား သွင်းအားစု(ဖြည့်စွက်)ပစ္စည်းပေးအပ်

**မြစ်သား မေ ၁၃**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနမှ နွေစပါးစိုက်ပျိုးသည့် တောင်သူများအား သွင်းအားစု(ဖြည့်စွက်) ပစ္စည်းပေးအပ်ပွဲနှင့် တောင်သူနည်းပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမင်းနိုင်က နွေစပါးစိုက်ပျိုးသည့်တောင်သူများ အကျိုးဖြစ်ထွန်းစေရေးနှင့် ဆည်ရေရရှိမှုအပေါ်မူတည်ကာ ယမန်နှစ်ထက် နွေစပါးကို တိုးမြှင့်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ နွေစပါးစိုက်ပျိုးသည့် တောင်သူများ မျိုးကောင်းမျိုးသန့်သုံးစွဲနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊ မြေဆီဩဇာထက်သန်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုက်နာရမည့်နည်းစနစ်များကို ပညာပေးဆွေးနွေးသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးခင်မောင်ဦးက မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ မျိုးစေ့အရည်အသွေး ထိန်းသိမ်းရေးလုပ်ငန်း၊ စိုက်ပျိုးသီးနှံများတွင် ကျရောက်တတ်သော ဖျက်ပိုးများ၏ အလေ့အထနှင့် ကာကွယ်နှိမ်နင်းနည်းများ၊ သီးနှံအထွက်တိုးနည်းပညာများကို အသိပညာပေးဆွေးနွေးပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဒေါ်သင်းသင်းဆွေက ယခုကဲ့သို့ ပညာပေးဆွေးနွေးခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး စိုက်ပျိုးသီးနှံတစ်ဧကအထွက်နှုန်းများလည်း တိုးတက်လာစေမည်ဖြစ်ကြောင်း ဆွေးနွေးသည်။



ဆက်လက်၍ တက်ရောက်လာကြသည့် တောင်သူများအား သွင်းအားစု(ဖြည့်စွက်)ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

# စစ်ပွဲဟူသမျှငြင်းပယ်ရမည်ဟု ပုပ်ရဟန်းမင်းအသစ်ပြော

**ဗာတီကန် မေ ၁၃**

၁၄ ဦးမြောက် ပုပ်ရဟန်းမင်းကြီး လီယိုသည် စစ်ပွဲဟူသမျှ ငြင်းပယ်ရမည်ဟု ကမ္ဘာတစ်ဝန်းလုံးက သတင်းထောက်များနှင့် မီဒီယာများကို အလေးပေးပြောကြားခဲ့သည်။

၎င်းသည် ပုပ်ရဟန်းမင်းကြီးအဖြစ် ရွေးချယ်ခံရပြီးနောက် ထောင်နှင့်ချီသည့် မီဒီယာသမားများကို ဗာတီကန်တွင် မေ ၁၂ ရက်က ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

ရိုမန်ကက်သလစ်ဘုရားကျောင်း၏ အကြီးအကဲအသစ်က ငြိမ်းချမ်းရေးဆိုသည်မှာ မိမိတို့က အခြားသူများကို ကြည့်သည့်နည်းလမ်း၊ အခြားသူများ၏ စကားကို နားထောင်သည့်နည်းလမ်း၊ အခြားသူများအကြောင်း ပြောသည့်နည်းလမ်းဖြစ်သလို ငြိမ်းချမ်းရေးသည် မိမိတို့တစ်ဦးချင်းစီမှ စတင်ကြောင်း ပြောကြားခဲ့သည်။

စကားလုံးများနှင့် ရုပ်ပုံများသုံးပြီး စစ်ပွဲအလိုမရှိဟု ပြောဆိုရမည်ဖြစ်ကြောင်း၊ မည်သည့်စစ်ပွဲပုံစံဟူသမျှ ငြင်းပယ်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။ အသက်တွေကို အရင်းပြုပြီး စစ်ပွဲသတင်းတွေကို ဖော်ပြပေးခဲ့သည့် သတင်းထောက် သူရဲကောင်းတွေကိုလည်း ပုပ်ရဟန်းမင်းကြီးက အသိအမှတ်ပြုခဲ့သည်။

ထို့အပြင် လူသားများ၏ ဂုဏ်သိက္ခာ၊ တရားမျှတမှု၊ မှန်ကန်သော သတင်းအချက်အလက်များကို ကာကွယ်သူများ၏ ရဲစွမ်းသတ္တိကိုလည်း ၎င်းက ချီးကျူးခဲ့သည်။ အသိကြွယ်သည့် ပုဂ္ဂိုလ်များသာလျှင် လွတ်လပ်သည့် ရွေးချယ်မှုကို လုပ်ဆောင်နိုင်သည်ဟု ၎င်းက ပြောကြားခဲ့သည်။

ဉာဏ်ရည်တုဖြစ်သည့် အေအိုင် လျှင်မြန်စွာ တိုးတက်လာခြင်းအပေါ် အေအိုင်သည် ကြီးမားသည့်အလားအလာရှိကြောင်း၊ အားလုံးအကျိုးရှိရန် အေအိုင်ကို တာဝန်သိမှုနှင့် ပိုင်းခြားသိမြင်မှုဖြင့် အသုံးချရမည်ဖြစ်ကြောင်း၊ ထိုသို့ လုပ်ဆောင်မှသာလျှင် လူသားအားလုံးအတွက် အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း ပုပ်ရဟန်းမင်းကြီးက ဆက်လက်ပြောကြားခဲ့သည်။



ပုပ်ရဟန်းမင်းကြီး လီယို

**အင်န်အိတ်ချ်ကေ**



## ဩစတြေးလျဝန်ကြီးချုပ် အယ်လ်ဘန်းနိစ်နှင့် ဝန်ကြီးများ ကျမ်းသစ္စာကျိန်ဆို

ကင်ဘာရာ မေ ၁၃

**ဩစတြေးလျဝန်ကြီးချုပ် အန်သိုနီအယ်လ်ဘန်းနိစ်သည် ၎င်း၏ အစိုးရအဖွဲ့သစ်နှင့်အတူ ဒုတိယသက်တမ်းအတွက် မေ ၁၃ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။**

မေ ၃ ရက် အထွေထွေရွေးကောက်ပွဲတွင် ၎င်း၏ အလုပ်သမားပါတီက မဲအပြတ်အသတ်အနိုင်ရရှိပြီးနောက် ဒုတိယအကြိမ်မြောက် ကျမ်းသစ္စာကျိန်ဆိုခဲ့ခြင်းဖြစ်သည်။ မဲရေတွက်ခြင်း မပြီးဆုံးသေးသော်လည်း အလုပ်သမားပါတီသည် အမတ်နေရာ ၁၅၀ ရှိသည့် အောက်လွှတ်တော်တွင် အနည်းဆုံး ၉၃ နေရာရရှိမည်ဟု ဩစတြေးလျပြည်သူ့သတင်းအေဂျင်စီ အေဘီစီက ခန့်မှန်းထားသည်။

ဝန်ကြီးချုပ် အယ်လ်ဘန်းနိစ်နှင့် ၎င်း၏အစိုးရအဖွဲ့ဝင်များသည် ဩစတြေးလျနိုင်ငံ၏ မြို့တော်ကင်ဘာရာတွင် ဘုရင်ခံချုပ် ဆမ်မို့စတန်၏ ရှေ့မှောက်၌ မေ ၁၃ ရက်က ကျမ်းသစ္စာကျိန်ဆိုခဲ့ကြခြင်းဖြစ်သည်။ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ရစ်ချတ်မာလိစ်နှင့် နိုင်ငံခြားရေးဝန်ကြီး ပင်နီဝေါင်တို့အပါအဝင် အဓိကအစိုးရအဖွဲ့ဝင် ရာထူးများကို အပြောင်းအလဲပြုလုပ်ထားခြင်း မရှိပေ။

ဝန်ကြီးချုပ်သည် ဩစတြေးလျ၏ အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် စီးပွားရေးဆက်ဆံမှုများကို ဆက်လက်ထိန်းသိမ်းရန် မျှော်လင့်ရသည်။ ထို့အပြင် ၎င်း၏ အစိုးရအဖွဲ့မကြာမီရင်ဆိုင်ရမည့် စိန်ခေါ်မှုများအနက် သမ္မတဒေါ်နယ်ထရမ့်၏ အမေရိကန်ကုန်သွယ်ခွန်မူဝါဒကို မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းသွားမလဲဆိုသည့် အချက် ပါဝင်ဖွယ်ရှိသည်။

အယ်လ်ဘန်းနိစ်သည် ၎င်းပြန်လည်ရွေးကောက်ခံရပြီးနောက် ပထမဆုံးပြည်ပခရီးစဉ်အဖြစ် အင်ဒိုနီးရှားနိုင်ငံကို ရွေးချယ်ထားသည်။ ၎င်းသည် အင်ဒိုနီးရှားသမ္မတ ပါရာဘိုဝို ဆူဘီယန်တိုနှင့် မေ ၁၄ ရက်တွင် တွေ့ဆုံသွားဖွယ်ရှိသည်။

**အင်န်အိတ်ချ်ကေ**

## ထရမ့်အစိုးရက လူဖြူတောင်အာဖရိကနိုင်ငံသားများကို ဒုက္ခသည်အဖြစ် လက်ခံ

**ဝါရှင်တန် မေ ၁၃**



အမေရိကန်ပြည်ထောင်စုသည် လူမျိုးရေးခွဲခြားခံရမှုနှင့် ရင်ဆိုင်နေရသည်ဟုဆိုကာ လူဖြူတောင်အာဖရိကနိုင်ငံသားများကို ဒုက္ခသည်အဖြစ် စတင်လက်ခံနေကြောင်း သိရသည်။ သို့သော်လည်း တောင်အာဖရိကနိုင်ငံက အဆိုပါပြောကြားချက်နှင့် ပတ်သက်ပြီး ငြင်းဆိုထားသည်။

ထို့အပြင် အမေရိကန်ပြည်ထောင်စုရှိ ဒီမိုကရက်တစ်များကလည်း ထရမ့်အစိုးရ၏ ထိုကဲ့သို့ လုပ်ဆောင်မှုကို ဝေဖန်ရှုတ်ချလျက်ရှိသည်။ တောင်အာဖရိက လူဖြူအနွယ်ဝင် ၆၀ ခန့်ရှိသည့် ပထမအဖွဲ့ကို ဝါရှင်တန်မြို့အနီးရှိ လေဆိပ်တစ်ခုတွင် အမေရိကန်တာဝန်ရှိသူများက မေ ၁၂ ရက်တွင် ကြိုဆိုခဲ့ကြကြောင်း သိရသည်။ လူမျိုးတုန်းသတ်ဖြတ်ခြင်းခံနေရပြီဟုဆိုကာ ဒုက္ခသည်အဖြစ် လူဖြူတောင်အာဖရိကနိုင်ငံသားများကို လက်ခံခဲ့ခြင်းဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က သတင်းထောက်များအား ပြောသည်။

တောင်အာဖရိက အစိုးရ၏ ဇန်နဝါရီလတွင် ကြေညာခဲ့သည့် မြေယာသိမ်းဆည်းရေးမူဝါဒကို မကျေနပ်မှုကြောင့် အမေရိကန်အစိုးရက တောင်အာဖရိကအစိုးရအပေါ် ဖိအားများ ပိုတိုးလာအောင် လုပ်ဆောင်နေကြောင်း သိရသည်။ အဆိုပါ မူဝါဒသည် လူဖြူအနည်းစုကို ခွဲခြားဆက်ဆံရာ ရောက်ကြောင်းနှင့် ၎င်းတို့၏ အခွင့်အရေးများကို ခြိမ်းခြောက်ရာရောက်ကြောင်း ထရမ့်က ပြောသည်။ တုံ့ပြန်သည့်အနေဖြင့် အမေရိကန်အကူအညီများကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း ၎င်းက ကြေညာခဲ့သည်။

တောင်အာဖရိက အစိုးရက လူမျိုးတုန်းသတ်ဖြတ်မှုပြောကြားချက်ကို ငြင်းဆိုထားပြီး ၎င်း၏ မြေယာမူဝါဒမှာလည်း လူမျိုးရေးခွဲခြားမှု မပါဝင်ကြောင်း ပြောသည်။

**အင်န်အိတ်ချ်ကေ**

## ဟီရိုရှီးမားတက္ကသိုလ်ဝင်းအတွင်း စစ်ကျန်ဗုံးတွေ့

**တိုကျို မေ ၁၃**

ဂျပန်နိုင်ငံအနောက်ပိုင်း ဟီရိုရှီးမားမြို့ တက္ကသိုလ်ဝင်းထဲတွင် တွေ့ရှိခဲ့သည့် မပေါက်ကွဲသေးသော ဗုံးတစ်လုံးကို ရဲတပ်ဖွဲ့က စစ်ဆေးလျက်ရှိသည်။

အဆိုပါဗုံးသည် ၉၀ စင်တီမီတာရှည်ပြီး အချင်း ၂၅ စင်တီမီတာခန့်ရှိသည်ဟု ရဲတပ်ဖွဲ့က ပြောသည်။ စစ်ကျန်ဗုံးဖြစ်မည်ဟု ယူဆကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

မေ ၁၃ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် ဖုန်းခေါ်ဆိုမှုတစ်ခုကို ရဲများက လက်ခံရရှိခဲ့သည်။ အဆိုပါဗုံးကို ဖြိုချအဆောက်အအုံ လုပ်ငန်းခွင်တစ်နေရာ မြေအောက်ထဲတွင် အလုပ်သမားများက တွေ့ရှိခဲ့သည်။

ဗုံးပေါက်ကွဲနိုင်ခြေ ရှိသည့်အန္တရာယ်ကြောင့် အဆိုပါနေရာကို ရဲများက တားမြစ်ထားသည်။ ဂျပန်မြေပြင် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များကိုလည်း ခေါ်ယူထားသည်။

တည်ဆောက်ရေး လုပ်ငန်းခွင်သည် ဟီရိုရှီးမားတက္ကသိုလ်၏ ကာဆုမိကျောင်းဝင်းထဲတွင်ရှိပြီး အဆိုပါနေရာသည် ဟီရိုရှီးမားဘူတာရုံတောင်ဘက် နှစ်ကီလိုမီတာခန့်အကွာတွင် တည်ရှိသည်။ ဒုတိယကမ္ဘာစစ်ပွဲအတွင်း အဆိုပါနေရာတွင် စစ်လက်နက်တိုက်များရှိကြောင်း သိရသည်။

တက္ကသိုလ်၏ နေ့လယ်ခင်းသင်တန်းများ အားလုံးကို ဖျက်သိမ်းလိုက်သည်။ အဆိုပါနေရာတွင်တည်ရှိသည့် ဟီရိုရှီးမားဆေးရုံကို လူနာများ ယခင်လို လက်ခံနိုင်ရန် ဖွင့်လှစ်ထားသည်။ **အင်န်အိတ်ချ်ကေ**

## အစ္စရေးနှင့် ဟားမားစ်တို့ကြား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပြန်လည်စတင်နိုင်ရန် အီဂျစ်နှင့် တူကီယဲနိုင်ငံခြားရေးဝန်ကြီးများဆွေးနွေး

**ကိုင်ရို မေ ၁၃**

အီဂျစ် နိုင်ငံခြားရေးဝန်ကြီး ဘတ်ဒါ အဘ်ဒယ်လက်တီနှင့် တူကီယဲ နိုင်ငံခြားရေးဝန်ကြီး ဟာကန်ဖီဒန်တို့သည် ဂါဇာကမ်းမြောင်ဒေသရှိ အစ္စရေးနှင့် ဟားမားစ်တို့ကြား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပြန်လည်စတင်နိုင်ရန်နှင့် စစ်ပွဲအလွန် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းစဉ်များ စတင်နိုင်ရန် ဖုန်းဖြင့်ဆွေးနွေးခဲ့သည်ဟု အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနက မေ ၁၃ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

ဖုန်းဖြင့် ပြောဆိုဆွေးနွေးမှုအတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ပြန်လည်စတင်နိုင်ရန်၊ ဓားစာခံများနှင့် ထိန်းသိမ်းထားသူများကို လွှတ်ပေးရန်၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းများ၊ ဆေးပစ္စည်းများ၊ အမိုးအကာ ထောက်ပံ့ရေး ပစ္စည်းများကို အနှောင့်အယှက် ကင်းကင်းဖြင့် စစ်ပွဲဒဏ်ခံ ဂါဇာကမ်းမြောင်ဒေသတွင်း ဖြန့်ဝေပေးနိုင်ရန်အတွက် အီဂျစ်နိုင်ငံ၏ ဆက်လက်လုပ်ဆောင်သွားမည့် ကြားဝင်ညှိနှိုင်းရေး ကြိုးပမ်းမှုများကို အဘ်ဒယ်လက်တီက အကျဉ်းချုံးဖော်ပြခဲ့သည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ရရှိပြီးသည်နှင့် တစ်ပြိုင်နက်ချက်ချင်း အကောင်အထည်ဖော်မည့် ဂါဇာပြန်လည်တည်ဆောက်ရေးအတွက် ကိုင်ရိုအပြည်ပြည်ဆိုင်ရာ ညီလာခံအတွက် ဖီဒန်၏ ပြင်ဆင်မှုများအကြောင်းကို အီဂျစ်ထိပ်တန်းသံတမန်ကလည်း ဖော်ပြခဲ့သည်။

ဝန်ကြီးနှစ်ဦးသည် မကြာမီကာလအတွင်း ဂါဇာကမ်းမြောင်ဒေသ ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်ထူထောင်ရေးဆိုင်ရာ အာရပ်-အစ္စလာမ္မစ် အစီအစဉ်အတွက် ကမ္ဘာလုံးဆိုင်ရာ ပံ့ပိုးကူညီမှုများပြုလုပ်ရန် နိုင်ငံတကာသက်ဆိုင်သူများနှင့် ပိုမိုထိတွေ့ဆက်ဆံနိုင်မည့် နည်းလမ်းများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **ဆင်ဟွာ**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၅) ကျင်းပ



ပဲခူး မေ ၁၃

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ မေ ၁၂ ရက်က တိုင်းဒေသကြီး အတွင်း စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၅) ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း က ငလျင်ဘေးသင့်ဒေသများတွင် မိုးစပါးနှင့် မိုးသီးနှံ စိုက်ကေများ အထွက်နှုန်းလျော့နည်းကျဆင်းမှု မရှိစေရေး အထူးအလေးထား ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ မိုးစပါးစိုက်ကေ ၂၆ သိန်းကျော်အနက် ယခင်နှစ်က ပန်းတိုင်အထွက်နှုန်း ၁၄ သိန်းကျော် ထွက်ရှိခဲ့ရာ ကျန်ရှိသည့် ၁၂ သိန်းကျော်ကို ပန်းတိုင် အထွက်နှုန်းပြည့်မီစေရေးနှင့် ယခုနှစ်မိုးရာသီတွင် ပန်းတိုင်အထွက်နှုန်းတိုးတက်စေရေး ဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မိုးစပါး တစ်သီးသာ စိုက်ပျိုးနိုင်သည့်ဒေသများတွင် သစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော်ကို မဖြစ်မနေ စိုက်ပျိုးရန် လိုအပ်ပြီး မြေဆီဩဇာဖွံ့ဖြိုးမှသာ သီးထပ်စွမ်းအား တိုးတက်လာမည်ဖြစ်ကြောင်း၊ မျိုး၊ မြေ၊ ရေ၊ နည်း နှင့်ပတ်သက်၍ အသိပညာပေးခြင်းကို တောင်သူများလက်တွေ့သိမြင်နိုင်ရေး သီးနှံအမျိုး အစားအလိုက် စံပြစိုက်ခင်းများ ဖော်ဆောင်ပေးသွား ရမည်ဖြစ်ကြောင်း၊ ဒေသတွင်း ပန်းတိုင်အထွက်နှုန်း မရရှိသည့် မျိုးကွဲများကို ပယ်ထုတ်၍ ပန်းတိုင် အထွက်နှုန်းရရှိနိုင်သည့် မျိုးကောင်းမျိုးသန့်များကို တောင်သူလက်ဝယ်ရောက်ရှိစိုက်ပျိုးနိုင်ရေး စီစဉ် ပေးရမည်ဖြစ်ကြောင်း၊ မိုးနှမ်းစိုက်ပျိုးမည့် နေရာ များအားလုံး ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးရန်၊ မိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြည့်ဆည်းဆောင်ရွက် ပေးရမည့် အခြေအနေများကိုတင်ပြဆွေးနွေးပေး ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင် ခြောက်ခုမှ ခရိုင်စိုက်ပျိုးရေးဦးစီး မှူးများက မိုးစပါးနှင့် မိုးသီးနှံစိုက်ကေများ ပန်းတိုင် အထွက်နှုန်းပြည့်မီစေရေး မျိုး၊ မြေ၊ ရေ၊ နည်း ပြောင်းလဲဆောင်ရွက်မည့် အခြေအနေများကို လည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ က စိုက်ပျိုးသီးနှံအလိုက် အုပ်ချုပ်မှုနည်းလမ်းအရ ပေါင်းစပ်ဆောင်ရွက်မည့် အခြေအနေများကို လည်းကောင်း ပါဝါပွိုင့်များဖြင့် အသေးစိတ်ရှင်းလင်း တင်ပြခဲ့ကြသည်။

ယင်းနောက် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်နှင့် တိုင်းဒေသကြီး စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုအဖွဲ့၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများက စိုက်ပျိုးရေးကဏ္ဍဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေး ကဏ္ဍအလိုက် ပူးပေါင်း ဆောင်ရွက်မည့် အခြေအနေများကို အကြံပြုတင်ပြ ဆွေးနွေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ် သည်များ အသေးစိတ်ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပြည်မြို့၌ ပဲခူးတိုင်းဒေသကြီး(အနောက်) နွေရာသီလူငယ်ကင်းထောက်သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

ပြည် မေ ၁၃

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ ပြည်မြို့၌ မေ ၆ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်ခဲ့သည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး (အနောက်) နွေရာသီလူငယ်ကင်းထောက်သင်တန်း ဆင်းပွဲအခမ်းအနား ကို ယနေ့နံနက်ပိုင်းက ပြည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးမျိုးအောင် က ပဲခူးတိုင်းဒေသကြီး(အနောက်)အနေဖြင့် ပြည်ခရိုင် ပြည်မြို့နှင့် သာယာဝတီခရိုင် အုတ်ဖိုမြို့တို့တွင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်က စတင်၍ ကင်းထောက်လူငယ်သင်တန်းများကို နှစ်စဉ်ဖွင့်လှစ်လာခဲ့ကာ ကိုဗစ်ကာလတွင် ခေတ္တရပ်နားခဲ့ရပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင်



လည်း ပဲခူးတိုင်းဒေသကြီး(အနောက်) ပြည်မြို့၌ ကင်းထောက် မောင်မယ် ၆၀ နှင့် နည်းပြ/ရုံးအဖွဲ့ ၁၀ ဦးတို့ဖြင့် သင်တန်းဖွင့်လှစ် ပြီးမြောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုလို ကင်းထောက်လူငယ်သင်တန်း ကနေ အမိမြေကိုချစ်သည့်စိတ်၊ ကျေးဇူးသစ္စာကိုစောင့်သိသည့်စိတ်၊ ပူးပေါင်းဆောင်ရွက်လိုသည့်စိတ်၊ လုပ်ငန်းတစ်ခုအပေါ် အစ၊ အလယ်၊ အဆုံး အောင်မြင်အောင် ဆောင်ရွက်တတ်လိုစိတ်များရရှိပြီး အများ အကျိုး၊ လောကကောင်းကျိုး၊ နိုင်ငံ့အကျိုးများကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ကြမည့် နိုင်ငံတော်ကအားထားရသော လူကောင်း၊ လူတော်၊ လူရည်ချွန်များဖြစ်ကြစေကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများအား ကင်းထောက်လူငယ် မောင်မယ်များ၏ ကင်းထောက်လှုပ်ရှားမှု ဗီဒီယိုကလစ်ကို ဖွင့်လှစ်ပြသ ပြီး ၂၀၂၅ ခုနှစ် ကင်းထောက်လူငယ်မောင်မယ်လေးများက သင်တန်း ၌ လေ့ကျင့်သင်ကြားခဲ့သော ရှေးဦးသူနာပြုနှင့် လူမှုကယ်ဆယ်ရေး စွမ်းရည်များကို လက်တွေ့သရုပ်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးက ကင်းထောက် လူငယ်မောင်မယ်များအတွက် သင်တန်းဆင်းလက်မှတ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး တိုင်းဒေသကြီး(ရုံးခွဲ) ပညာရေးမှူး ဒေါက်တာချစ်ကိုကိုက ပဲခူးတိုင်း (အနောက်ခြမ်း)ပညာရေးဌာနများမှ သဘာဝဘေးအတွက် လှူဒါန်းငွေကျပ် သိန်း ၅၀ ကို တိုင်းဒေသကြီး ဝန်ကြီးထံ ပေးအပ်လှူဒါန်းကာ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က သင်တန်းနည်းပြ ဆရာ ဆရာမများအတွက် ဂုဏ်ပြု မှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်သည်။ **ကိုဆက်(ပြန်/ဆက်)**

## ကျိုင်းတုံမြို့၌ တိုင်းရင်းဆေးပညာစဉ်ဆက်မပြတ် ပညာပေးရေးအစီအစဉ် C.T.M.E အခမ်းအနားကျင်းပ

ကျိုင်းတုံ မေ ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ တိုင်းရင်းဆေးပညာစဉ်ဆက် မပြတ် ပညာပေးရေးအစီအစဉ် C.T.M.E အခမ်းအနားကို မေ ၁၁ ရက်က (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ(ကျိုင်းတုံ)၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးစိုင်းဆမ်တစ် က အမှာစကားပြောကြားပြီး (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ(ကျိုင်းတုံ) ဆေးရုံအုပ် စာတမ်းရှင် ဦးမြင့်ခိုင်က အအေးမိနှာစေးရောဂါကို ဆေးနံ့သာ တုပ်ကွေး အဖျားပျောက်ဆေးဖြင့်ကုသခြင်းကို လေ့လာခြင်းအကြောင်း စာတမ်းဖတ်ကြားပြီး တက်ရောက်လာကြသည့်ခရိုင်တိုင်းရင်းဆေးပညာ ဦးစီးဌာနမှူး ဦးမင်းဟန်၊ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်အေးမြမြဖြူ၊ တိုင်းရင်းဆေးရုံ ဒုတိယဆေးရုံအုပ် ဦးဆန်းလှိုင်၊ ကျိုင်းတုံ/တာချီလိ တ်ခရိုင်တိုင်းရင်းဆေးအသင်းနှင့် ဖိတ်ကြားထားသူများက ပြန်လည် မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် တာချီလိတ်မြို့ လင်းသုခတိုင်းရင်းဆေးကုခန်းနှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးဆေးတိုက်မှ ဆရာဦးဇော်လင်းက စာတမ်းရှင်အား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်ပြီး ခရိုင်တိုင်းရင်းဆေး ဆရာအသင်းမှ ဆရာကြီး ဦးကြည်ဝင်း က နိဂုံးချုပ်အမှာစကားပြော ကြားခဲ့ကြောင်း သိရသည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**



## မူဆယ်မြို့၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

မူဆယ် မေ ၁၃

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန မူဆယ် မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၏ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၅)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က မူဆယ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးက အမှာစကားပြောကြားပြီး အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ် ဒေါ်နန်းစောရင် က သင်တန်းကျောင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဧည့်သည်တော်များသည် ခန်းမ အတွင်း၌ ခင်းကျင်းပြသထားသည့် ထောက်ပံ့ပစ္စည်းများ၊ သင်ကြားမည့် နမူနာပုံစံများကို ကြည့်ရှုကြပြီး နှစ်ထပ်မော်တာဆောင်တွင် သင်ကြား မည့် သင်တန်းသူများအားတွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

အဆိုပါ သင်တန်းကျောင်းအနေဖြင့် သင်တန်းများကို ၂၀၂၀ ပြည့် နှစ်မှ ၂၀၂၅ ခုနှစ်အထိ သင်တန်းကြိမ် ၆၀ ဖွင့်လှစ်သင်ကြားပေးရာ သင်တန်းဆင်းပြီးသူပေါင်း ၂၅၀၀ ကျော်ရှိကြောင်းနှင့် သင်တန်းမှ စက်ချုပ်ပညာသင်ခန်းစာ အမျိုး ၃၀၊ လက်မှုပညာ၊ မြန်မာ့မုန့်လုပ်နည်း ပညာများကို နေ့စားစရိတ်ငြိမ်းဖြင့် သင်ကြားပြသပေးခဲ့ကြောင်း သိရသည်။ **ချယ်ရီမြေ(မူဆယ်)**



○ *ကျောဖုံးမှ*

ရန်ကုန်ယူနိုက်တက်အသင်းသည် ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုးသွင်းယူကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက် အသင်းအတွက် အနိုင်ဂိုးများကို ၁၃ မိနစ်တွင် ထူးဝဏ္ဏ၊ ၂၄ မိနစ်တွင် မောင်တော့ပ်၊ ၄၇၊ ၄၉ မိနစ်တွင် ကောင်းခန့်ကျော်၊ ၈၄ မိနစ်တွင် နေဘိုဘိုထွဋ်တို့က သွင်းယူခဲ့သည်။ ပွဲစဉ် (၃) တတိယနေ့ကို မေ ၁၃ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဒုမ္မာကွင်း၌ မဟာ ယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း၊ တောင်ဒဂုံ ကွင်း၌ သစ္စာအားမာန်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ ဗဟန်း မြက်ခင်းတုကွင်း၌ ရတနာပုံအသင်းနှင့် ရှောဝတီယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သတင်းမီဒီယာသင်တန်း အမှတ်စဉ် (၂) ဖွင့်လှစ်

**ရန်ကုန် မေ ၁၃**

မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီ သတင်းမီဒီယာဖွံ့ဖြိုး တိုးတက်ရေးကော်မတီက စီစဉ် ဖွင့်လှစ်သည့် သတင်းမီဒီယာ သင်တန်း အမှတ်စဉ် (၂) သင်တန်း ဖွင့်ပွဲအခမ်းအနားကို မေလ ပထမပတ်က ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာ နိုင်ငံ သတင်းမီဒီယာကောင်စီရုံး သင်တန်းခန်းမ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် မြန်မာ နိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး က အမှာစကား ပြောကြားပြီး သင်တန်းမှူးက မိတ်ဆက်စကား ပြောကြားသည်။

ထို့နောက် သင်တန်းဆရာ တစ်ဦးချင်းက မိမိ၏ ကိုယ်ရေး အကျဉ်းနှင့် သင်ကြားမည့် ဘာသာရပ် အကြောင်းအရာနှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်း တင်ပြကြသည်။

အဆိုပါသင်တန်းကို အပတ် စဉ် သောကြာနေ့တိုင်း ဖွင့်လှစ် သွားမည်ဖြစ်ပြီး သင်တန်းပို့ချ မည့် ဆရာများဖြစ်သည့် ဦးကိုကိုဦး (MDEA, Executive Director)၊ ဦးမောင်မောင်မြင့်သိန်း (စက်မှု တက္ကသိုလ်)၊ ဦးရဲမင်းစိုး (မောင် မောက်ဝတ်လုံ)နှင့် ဦးမြတ်စိုး (လှိုင်) တို့က စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည် ဖြစ် ကြောင်း သိရသည်။

**သတင်းစဉ်**

## စီမံကိန်းသီးနှံများ ပန်းတိုင်အထွက်နှုန်းထွက်ရှိရေး သမဝါယမအသင်းသားတောင်သူများအား အသိပညာပေး

**လယ်ဝေး မေ ၁၃**

လယ်ဝေးမြို့နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် စီမံကိန်းသီးနှံများ တစ်ဧကပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် သမဝါယမအသင်းသား တောင်သူများအား အသိပညာပေးဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ကြောင်ရေကျေးရွာ KC၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ မြို့နယ်သမဝါယမဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ နိုင်ငံတော်ထောက်ပံ့ငွေ၊ လူမှုစီးပွား မြှင့်တင်ရေးစီမံကိန်း (သက်တန့်ရောင်စီမံကိန်း) ဖြင့် ဆောင်ရွက်မည့် သမဝါယမအသင်း ခုနစ်သင်းအပါအဝင် သမဝါယမအသင်း ၁၀ သင်းမှ အသင်းသား အသင်းသူ ၈၅ ဦးတက်ရောက်သည်။

ဦးစွာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးအောင်လွင်က သမဝါယမအသင်းသားတောင်သူများအနေဖြင့် သီးနှံများစိုက်ပျိုးရာတွင် မျိုး၊ မြေ၊ ရေ၊ နည်းစသည့် အခြေခံအချက်များကို စနစ်တကျလိုက်နာ ဆောင်ရွက်ခြင်းဖြင့် တစ်ဧကပန်းတိုင်အထွက်နှုန်းထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားပြီး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစောဝင်းက မျိုးကောင်း မျိုးသန့်များ၊ အထွက်တိုးမျိုးစပါးရွေးချယ်အသုံးပြုရေး၊ မြေသြဇာသုံးစွဲမှုနှင့် စိုက်ပျိုး နည်းစနစ် မှန်ကန်စေရေးတို့အတွက် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## လျှင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၃**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ် ခြောက်ခုတို့တွင် မေ ၁၃ ရက်အထိ သေဆုံးသူ ၃၇၂၂ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၈၅ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့် တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးအား ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၀၀ ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေ ၁၂ ရက် ညနေ ၄ နာရီမှ မေ ၁၃ ရက် ညနေ ၄ နာရီအတွင်း အိန္ဒိယနိုင်ငံက လှူဒါန်းသည့် ဆေးဝါး၊ မိုးကာတဲနှင့် sleeping bag (အလေးချိန် ၀ ဒသမ ၁၄၁ တန်) ရောက်ရှိခဲ့သည်။ ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေး သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များကို သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် မေ ၁၃**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥစသည့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်) စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၄၃ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။



မတ် ၃၀ ရက်မှ မေ ၁၃ ရက်အထိ ပညာရေး ဝန်ထမ်းအိမ်ရာ၊ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်ရှိ ယာယီကယ်ဆယ်ရေးစခန်းများ၊ ဖေယျာသီရိခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခုတင်(၅၀၀) ဆေးရုံ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများနှင့်ပြည်သူများအား ဆန်ခြောက်ပြည်ပါ (မနောသုခ- Export Quality) ၆၅ အိတ်၊ ဆန်ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၅ အိတ်၊ ဆီ ပိဿာ ၁၇၆၀ ၊ ဆား ၁၃ ဒသမ ၂၅ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သား ပါအိတ် ၈၀ ထုပ်၊ ငါးပိ လေးပိဿာ၊ ငါးတံခွန် ၁၀ ကျပ်သား အထုပ် ၃၀၊ ငါးပုတ်သင် ၁၀ ကျပ်သား အထုပ်၂၀၊ ငါးနီတူခြောက် ၁၀ ကျပ်သား ၂၈ ထုပ်၊ အာပုံ့ခြောက် ၁၀ ကျပ်သား ၂၅ ထုပ်၊ ငါးရောင်ခြောက် ၁၀ ကျပ်သား ၂၂ ထုပ်၊ ကြက်ဥအလုံး ၇၅၀၊ ဘဲဥအလုံး ၉၀၊ ခေါက်ဆွဲခြောက် ၁၅ ထုပ်တို့ကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

ထို့အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် အမဲသား (အသား) ပိဿာ ၁၂၀ ၊ အမဲသား(အရိုးအသား) ပိဿာ ၁၅၀ တို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများနှင့်ပြည်သူများသို့ မေ ၁၃ ရက်မှစ၍ အပတ်စဉ် အင်္ဂါနေ့တိုင်း သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။

ထို့အပြင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ MSME ထုတ်ကုန်များ၊ လူသုံးကုန်များ၊ စားသောက်ကုန်များနှင့် မီးဖိုချောင်သုံးပစ္စည်းများ စသည့် ကုန်ပစ္စည်း ၁၀၇ မျိုးတို့ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းနှင့် ပြည်သူများသို့ ဈေးကားကြီး (အရောင်းယာဉ်) ဖြင့် မေ ၅ ရက်မှစ၍ သက်သာသော ဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

အလားတူ မေ ၁၃ ရက်တွင် စစ်ကိုင်းမြို့၌ ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ဆန် ၂၄ ပြည်ပါ(ရွှေဝါထွန်း) ခုနစ်အိတ်၊ စားအုန်းဆီ ၇၅ ပိဿာ၊ ဆား သုံးပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ကိုးဘူး၊ ငါးပိတစ်ပိဿာ၊ ငါးနီတူခြောက် ၁၀ ကျပ်သား တစ်ထုပ်၊ ပုစွန်ခြောက် ၃၀ ကျပ်သား ၊ ကြက်ဥအလုံး ၇၀ ၊ ဘဲဥ ၁၉ လုံး၊ ကြက်သွန်နီ ငါးပိဿာနှင့် အသားတု တစ်ပိဿာတို့ကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၁၆ အိတ်၊ စားအုန်းဆီ ပိဿာ ၂၂၀၀ ၊ ဆား နှစ်ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ငါးထုပ်၊ ငါးပိ ၂၅ ကျပ်သားပါ နှစ်ထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သားလေးထုပ်၊ အာပုံ့ခြောက် ၁၀ ကျပ်သား နှစ်ထုပ်၊ ကြက်ဥ အလုံး ၂၂၀၀ ၊ ဘဲဥ ၅၇၅ လုံးနှင့် ခေါက်ဆွဲခြောက် အထုပ် ၄၀ တို့ကို ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သာယာဝတီမြို့နယ် အသရော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေး

**သာယာဝတီ မေ ၁၃**

သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသရော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို မေ ၁၂ ရက်က အဆိုပါ ကျေးရွာ၌ ကျင်းပရာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညွန့်ဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဦးစီးမှူးက လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၉၄ သိန်းကို လွှဲပြောင်းပေးအပ်သည်။ ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အသရော်ကျေးရွာရှိ စိုက်ပျိုးရေး မွေးမြူရေးနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသားအသင်းသူ ၁၃၂ ဦးကို ရန်ပုံငွေကျပ် ၂၉၄ သိန်းကို ထုတ်ချေးပေးခဲ့သည်။ **မောင်ခိုင်**

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်၊ တရားမဝင် ကုန်ပစ္စည်းတင်ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မေ ၁၂ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ချောက်မြို့ အမှတ်(၂) ရေနံချက်စက်ရုံဝင်းအတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၀၀၀)နှင့် မင်းဘူးမြို့ မန်းရေနံမြေအတွင်း၌ တရားမဝင် ရေနံစိမ်း ဂါလန် ၇၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၀၀၀) တို့ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေအရလည်းကောင်း၊ သရက်မြို့နယ် ကိုးပင်ကျေးရွာ၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၆၁၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ ရွှေဟင်္သာရပ်ကွက် ရွာမလမ်း ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၇၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ်(၃၆၀)အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းငါးမျိုး၊ လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၄၄၈၂၄၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၀၀၀၀၀၀)ကို လည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း ကျောက်ဆည်ရွှေသိမ်တော်ဘုရားအနီး၌



နိုင်ဂရု(ပ်) ဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၃၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၇၆၈၂၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းခြောက်မျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck နှစ်စီး၊ Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၀၈၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ် (တရုတ်လှဘက်ခြမ်း)၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၃၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်နှစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း လေးမျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၉၅၀၀၀၀)ကို လည်းကောင်း၊ နိုင်ဂရု(ပ်) ဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ်တစ်စင်းပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၂၅၈၂၉၅)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. War Nate Za ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၈၇၂၀၈၂၉၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၁၂ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၉၁၅၆၇၅၃၅) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများက တရားမဝင်ကုန်သွယ်မှုများကို ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

သတင်းစဉ်

# အပူပြန်တက် တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်


နေပြည်တော် မေ ၁၃

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် လည်းကောင်း၊ မုတ်သုံလေ ဆက်လက် ဝင်ရောက်လာနိုင်ခြင်းကြောင့် လည်းကောင်း၊ အပူပြန်တက် တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့် လည်းကောင်း ယနေ့ညမှ ၁၆-၅-၂၀၂၅ ရက်နေ့အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ၁၇-၅-၂၀၂၅ ရက်မှ ၂၀-၅-၂၀၂၅ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး၊ အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။


သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်း ရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ


၁၄-၅-၂၀၂၅ ရက်နေ့မှ ၁၅-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ





၁၆-၅-၂၀၂၅ ရက်နေ့မှ ၁၇-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၁၈-၅-၂၀၂၅ ရက်နေ့မှ ၁၉-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၂၀-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



## ချမ်းအေးသာစံမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

**နေပြည်တော် မေ ၁၃**

မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက မန္တလေးလျှင်ကြီးကြောင့် ပျောက်ဆုံး၊ ပျက်စီးခဲ့သော လျှင်ဒဏ်သင့် ပြည်သူများ၏ အိမ်ထောင်စုလူဦးရေစာရင်း မိတ္တူများ၊ နိုင်၊ ဧည့်၊ ပြု စိစစ်ရေးကတ်မိတ္တူများဆောင်ရွက်ပေးခြင်းနှင့် Biometric ကိုယ်ရေးအချက်အလက်များUID ကောက်ယူဆောင်ရွက်ခြင်းတို့ကို ချမ်းအေးသာစံမြို့နယ် ဒေးဝန်းအနောက်ရပ်ကွက် နဒီဝင်းဓမ္မာရုံအတွင်း၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှဦးစီးမှူး ဦးမင်းဦးနှင့် တာဝန်ရှိသူများသည် မန္တလေးလျှင်ကြီးကြောင့် ပျောက်ဆုံး၊ ပျက်စီးခဲ့ရသော လျှင်ဒဏ်သင့် ပြည်သူများ၏ အိမ်ထောင်စု လူဦးရေစာရင်း မိတ္တူ၊ နိုင်၊ ဧည့်၊ ပြု စိစစ်ရေးကတ်မိတ္တူများကို One Stop Service ဖြင့် ဆောင်ရွက်ပေးကာ လက်ဝယ်အရောက်ပေးအပ်ပြီး Biometric ကိုယ်ရေးအချက်အလက်များ UID ကောက်ယူခြင်းတို့ကို ဆောင်ရွက်ပေးကြရာ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးလွင်၊ မဟာအောင်မြေခရိုင် ခရိုင်ဦးစီးမှူး ဦးဟိန်းကျော်အောင်နှင့် ချမ်းအေးသာစံ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းတို့က လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## ဒက္ခိဏသီရိမြို့နယ် ရဲဒိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေး

**နေပြည်တော် မေ ၁၃**

နေပြည်တော် လယ်ဝေးခရိုင် ကွပ်ကဲမှုအောက်ရှိ ဒက္ခိဏသီရိ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ရဲဒိကျေးရွာ၌ ကွင်းဆင်းထုတ်ချေးခဲ့သည်။



**ရှင်းလင်းပြောကြား**

ဦးစွာ ဒက္ခိဏသီရိမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့နိုင်က ရဲဒိကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ရဲဒိကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၇၆၇ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရဲဒိကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၅ ဦးနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၃၇ ဦး စုစုပေါင်းအသင်းသား အသင်းသူ ၁၉၀ ကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၇၆၇ သိန်းအား အသင်းသား အသင်းသူများ၏ တစ်ဦးချင်း လက်ဝယ်အရောက် အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**

## ဖျာပုံမြို့၌ အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ အခမ်းအနားကျင်းပ

**ဖျာပုံ မေ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၌ အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ အခမ်းအနားကို မေ ၁၂ ရက် နံနက်ပိုင်းက ဖျာပုံပြည်သူ့ဆေးရုံကြီး၏ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**လက်ဆောင်ပစ္စည်းများ ပေးအပ်**

အဆိုပါ အခမ်းအနားတွင် ဖျာပုံပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာရဲဝင်းက အမှာစကား ပြောကြားပြီး အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ ဖြစ်ပေါ်လာပုံအား ဖျာပုံပြည်သူ့ဆေးရုံကြီး သူနာပြုဆရာမကြီး ဒေါ်နွယ်နွယ်လွင်က ပြောကြားကာ အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ သဝဏ်လွှာအား ဦးစီးအရာရှိ နော်ဆာဝါးကြည်က ဖတ်ကြားတင်ပြသည်။ ထို့နောက် အသက် ၇၅ နှစ်အထက် အငြိမ်းစား သက်ကြီး သူနာပြုဆရာကြီး၊ ဆရာမကြီးများအား ဂါရဝပြု လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

**အောင်ဝင်းနိုင် (ပြန်/ဆက်)**

## သုံးခွမြို့နယ် ကြံ့ကြိတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေး

**သုံးခွ မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများထုတ်ချေးခြင်းနှင့် မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ကြံ့ကြိတ်ကျေးရွာ၌ကျင်းပသည်။



ဦးစွာ သုံးခွမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းနုဝေနှင့် စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကြံ့ကြိတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်း၏ရည်ရွယ်ချက်၊ မီးခိုးမြူငွေ့လျှော့ချခြင်း၊ ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချခြင်း၏ အကျိုးကျေးဇူးများ၊ အမှိုက်အမျိုးအစားများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများကို ဟောပြောဆွေးနွေးခဲ့သည်။ ဆက်လက်၍ ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ ရန်ပုံငွေကျပ်သိန်း ၄၃၀ ကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဦးစီးအရာရှိနှင့်ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကြံ့ကြိတ်ကျေးရွာရှိ ချေးငွေအောင်မြင်သူ အသင်းသား အသင်းသူ ၂၀၄ ဦးအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၃၀ ကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၂

## အောင်လံမြို့၌ (၁၃၁) ကြိမ်မြောက် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**အောင်လံ မေ ၁၃**

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ (၁၃)ကြိမ်မြောက် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယမန်နေ့က ကန်ကြီးရပ်ကွက် သိမ်ကုန်းဓမ္မာရုံဘုရားကြီးရှေ့ အလယ်လမ်းမှ စတင်၍ တစ်မြို့လုံးသို့ လှည့်လည်ကျင်းပသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် အောင်လံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၃၇ ကျောင်းမှ ရဟန်းသာမဏေပေါင်း ၁၂၈၇ ပါး၊ ဖိုးသူတော် ၁၁ ပါး၊ သီလရှင် စာသင်တိုက် ၂၀ ကျောင်းမှ သီလရှင် ၉၂၆၂ ပါး စုစုပေါင်း ၁၅၆၀ တို့အား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှရွှေနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်ရှိ စေတနာရှင် အလှူရှင်များက ဆွမ်းဆန်တော်နှင့် အခြားလှူဖွယ်ပစ္စည်းများလှူဒါန်းခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**



## မော်လမြိုင်မြို့နယ်၌ မိုးစပါးစိုက် တောင်သူများထံ အထွက်တိုးမျိုးစပါးများ ပေးအပ်

**မော်လမြိုင် မေ ၁၃**

မွန်ပြည်နယ်၌ သမဝါယမကဏ္ဍမှ အထွက်တိုး မျိုးစပါး(အောင်နိုင်တိုး) အား မိုးစပါးစိုက်ပျိုးမည့် အသင်းသားတောင်သူများသို့ မျိုးစပါးပေးအပ်ခြင်းကို မော်လမြိုင်မြို့နယ် ကော့လှာကျေးရွာအုပ်စု ဖဲထော်ကျေးရွာရှိ အိပ်မက်သစ်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်း ဥက္ကဋ္ဌ ဦးတင်လှနေအိမ်၌ မေ ၁၀ ရက်နံနက်ပိုင်းက ကျင်းပသည်။

အထွက်တိုးမျိုးစပါး ပေးအပ်ပွဲတွင် မော်လမြိုင်မြို့နယ် သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိက အထွက်တိုးမျိုးစပါးများ ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အိပ်မက်သစ်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ အသင်းသား တောင်သူကိုးဦးအား မိုးစပါး စိုက်ဧက ၁၂၅ ဧကအတွက် တစ်ဧကလျှင် တစ်တင်းနှုန်းဖြင့် အောင်နိုင်တိုး မျိုးစပါး ၁၂၅ တင်း ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး ဦးစီးအရာရှိနှင့် ကွင်းဆင်းအဖွဲ့သည် မော်လမြိုင်မြို့နယ် ကော့လှာကျေးရွာအုပ်စု ဖဲထော်ကျေးရွာရှိ အိပ်မက်သစ်စိုက်ပျိုးရေးနှင့်အထွေထွေစီးပွားရေး သမဝါယမအသင်းမှ အသင်းသားများ စိုက်ပျိုးထားသည့် နွေစပါး(YSR)မျိုး၊ ဧက ၇၀ ရိတ်သိမ်းမည့် အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



ဇီဝမျိုးစုံ ကြွယ်စေဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့







## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလောခရိုင်၊ ကလောမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၂၅/ဗိုလ်ကုန်းရပ်)၊ ဦးပိုင်အမှတ်(၁၉/၉)၊ မြေကွက်အမှတ် (၃၇/၆၇)၊ မြေဧရိယာ(၀ဒသမ၁၃၄)ကေရှိ မြေအား တောင်ကြီးခရိုင်အမှုတွဲအမှတ် (၂၁/၁၉၇၃) အရ (၁၀)နှစ် သက်တမ်းရှိ မြေငှားဂရန်အား ဦးထွန်းမောင် အမည်ဖြင့် ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်၏ မြေဧရိယာ(၀ဒသမ၁၃၄) ကေအနက်မှ (၀ဒသမ၀၉၄)ကေအား ဦးထွန်းမောင်(ကွယ်လွန်)၏ ဇနီးဖြစ်သူ ဒေါ်စိမ်းထံမှ ဒေါ်မိုးသူတင့် ၁၃/ကလန(နိုင်)၀၅၅၄၁၁သည် ကလောမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၃-၁၀-၂၀၂၄ရက်စွဲပါ စာချုပ်အမှတ်(၃၂၂/၂၀၂၄)အရ ခွဲစိတ် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ဒေါ်မိုးသူတင့် အမည်ဖြင့် မြေငှားဂရန်သစ် လျှောက်ထားလာမှုအပေါ် မည်သူမဆို ကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အတွင်း ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလောမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကွင်းအမှတ်(၄၉၈-က ကျီကုန်း)၊ (ဦးပိုင် - ၅၄)၊ ဒေါ်ဆွေဆွေသန်း ဂရန်အမည်ပေါက် ဧရိယာ (၀.၁၁)ကေ (၈၀x၆၀)ပေအတွင်းမှ တောင်ဘက်ဆုံးခြမ်း (၂၀x၆၀)ပေ မြေ + ဂရန်မူရင်းပုံစံ - ၁၀၅ မိတ္တူ၊ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသည့် ဒေါ်နွယ်ရွှေခိုင်(ဘ)ဦးမောင်မောင် ၉/စကန(နိုင်)၀၆၉၉၁၃ထံမှ ဦးကိုကိုအောင်(ဘ)ဦးသိန်းအောင် ၅/မရန(နိုင်)၁၅၉၅၆၁မှ ဝယ်ယူရန်အတွက် စရန်ငွေ သိန်း ၉၂၅,၀၀၀၀၀/- (ငွေကျပ်ကိုးရာနှစ်ဆယ့်ငါးသိန်းတိတိ)ကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသည့် တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံမှတစ်ဆင့်ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဦးကိုကိုအောင်၏ လွှဲအပ်ချက်အရ**
**ဒေါ်ခင်မို့မို့ဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၇၁)**
**မြို့မရပ်ကွက်၊ ပုသိမ်ကြီးမြို့၊**
**ဆက်သွယ်ရန် -၀၉-၄၅၆၀၀၀၂၅၆**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၂

ဒေါ်ဖြူသွယ်ချစ် **နှင့်** ဦးမော်ချန်စီ
(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးရှန်ကား)

**(တရားလို)** **(တရားပြိုင်)**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(၈၈၀)ဆောက်လုပ်ရေးတိုက်ခန်းနေ ဦးမော်ချန်စီ (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးရှန်ကား) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဖြူသွယ်ချစ်က မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ မေလ ၂၇ရက် (၁၃၈၇ခုနှစ်၊ နယုန်လဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ မေလ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်မျိုး)**
**ဒုတိယခရိုင်တရားသူကြီး(၆)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5D/2289 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1F/8838,HINO XKU414, TRUCK(4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးစိန်လင်း ၉/မတရ(နိုင်)၀၉၄၄၈၇က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/13323, New ZHI NENG, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မာလာဝင်း ၉/မနမ(နိုင်)၁၁၅၀၇၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/48738 Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုလတ် ၁၀/ကမရ(နိုင်)၀၉၈၆၀၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(ဘားအံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/84443 Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှစိုး ၁၂/ရပသ (နိုင်)၀၁၇၅၀၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး**
**(ဘားအံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2M/4010, Sajen, Pickup(4x2)ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင် ၁၄/အမန(နိုင်) ၀၁၅၂၆၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၂ယ/၉၆၅၁၇ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဝင်း ၁၀/မလမ(နိုင်)၀၀၆၈၉၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ ၂၀၂၅- ၂၀၂၆ ခု ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းသုံးတံမြက်စည်းကြမ်းနှင့် ထန်းခေါက်တောင်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ သို့ဖြစ်ပါ၍ လုပ်ငန်းသုံးတံမြက်စည်းကြမ်းနှင့်ထန်းခေါက်တောင်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများမှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| | |
|---|---|
| (က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - (၁၄ - ၅ - ၂၀၂၅)(အင်္ဂါနေ့) |
| (ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရန် စာရင်းပေးသွင်းရမည့်နေ့/အချိန်** | - (၂၇- ၅-၂၀၂၅)(အင်္ဂါနေ့) (၀၉ : ၃၀)မှ(၁၃ : ၃၀)နာရီအထိ |
| (ဂ) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်ရက်** | - (၂၈-၅-၂၀၂၅) (ဗုဒ္ဓဟူးနေ့) |
| (ဃ) **အိတ်ဖွင့်တင်ဒါတင်သွင်းမည့်နေရာ** | - မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာန |

၃။ အထက်ပါတင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/- နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**သန့်ရှင်းရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ ၂၀၂၅-၂၀၂၆ခု ဘဏ္ဍာရေးနှစ်အတွက် အမှိုက်သိမ်းဆည်းခြင်း ဆောင်ရွက်ရာတွင် အသုံးပြုသော အမှိုက်သိမ်း(TC)သံကန် (အကြီး၊ အသေး)များ ပြင်ဆင်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ သို့ဖြစ်ပါ၍ အမှိုက်သိမ်း(TC)သံကန်(အကြီး၊ အသေး)များပြင်ဆင်ရန် အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများမှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| | |
|---|---|
| (က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - (၁၄-၅-၂၀၂၅)(အင်္ဂါနေ့) |
| (ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရန် စာရင်းပေးသွင်းရမည့်နေ့/အချိန်** | - (၂၉ - ၅ -၂၀၂၅) (ကြာသပတေးနေ့) (၀၉:၃၀)မှ(၁၃:၃၀)နာရီအထိ |
| (ဂ) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေ့** | - (၃၀-၅-၂၀၂၅)(သောကြာနေ့) |
| (ဃ) **အိတ်ဖွင့်တင်ဒါတင်သွင်းမည့်နေရာ** | - မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာန |

၃။ အထက်ပါတင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/-နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**သန့်ရှင်းရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ် (၃၄၅/၁၀၀၃-က)၊ မြေပေအကျယ် ဧရိယာ၀ ဒသမ၀၂၇၅ကေရှိ နှစ်(၆၀)ဂရန်မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်မီမီသွင် ၁၄/ဘကလ(နိုင်)၀၁၀၅၄၉က ယင်းမြေကွက်သည် အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွှတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါမြေကွက်အားအပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်များအရ-**

**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၉၉၃၉)**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၇၉၁)ရှိ မြေပေါ်တွင်ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၅)ထပ် RC အဆောက်အအုံမှ ရောင်းချသူ ဒေါ်မြင့်မြင့်ခိုင် ၅/စကန(နိုင်)၀၂၇၃၄၆ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည့် ဒုတိယထပ်၊ (၃လွှာ)၊ ခေါင်းရင်းခန်း၊ အခန်းအကျယ်အဝန်း ပေ(၁၂x၆၀)၊ အမြင့်(၉)ပေရှိ တိုက်ခန်းသည်အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချသူမှ မိမိ၏သဘောဆန္ဒဖြင့် လွှတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါတိုက်ခန်းအားအပြီး အပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လွင်လွင်စန်း ၁၁/ကဖန(နိုင်)၀၄၇၉၄၄ က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်များအရ -**

**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)**
**ဖုန်း-၀၉၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## စာအုပ် စာပေ လူ့မိတ်ဆွေ




## ဖခင်အမည်မှန်

ဟိုပင်မြို့၊ တကွင်းကျေးရွာ၊ ရွှေပြည်အေးရပ်ကွက်နေ မောင်ထင်းသန့်ကိုကို၏ ဖခင်အမည်မှန်မှာ ဦးဝင်းဘို ၁/မညန(နိုင်) ၀၅၈၃၉၀ ဖြစ်ပါကြောင်း။

**ဦးဝင်းဘို**
**၁/မညန(နိုင်)၀၅၈၃၉၀**

## အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6M/9747၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ညောင်လေးပင်မြို့၊ မြို့မ (၁)ရပ်ကွက်၊ ကွင်းအမှတ် (၂၀၂)၊ ကျူချောင်းကွင်း၊ ဦးပိုင်အမှတ် (-)၊ အိမ်ကွက်အမှတ် (၁၉၇)ရှိ ဧရိယာ (၀.၀၅၅၀)ဧကအား ဦးတင်ယုမှ မြေငှားဂရန်အသစ် လျှောက်ထားခြင်းကို ကန့်ကွက်လိုပါက ကြော်ငြာစာပါသည့်ရက်မှ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ညောင်လေးပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၆၆၂၇၅ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်း ၁၀/ကမရ(နိုင်)၀၉၄၆၀၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၂၆၁၀၅ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းထွန်း ၁၀/မလမ(နိုင်)၂၄၇၂၃၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၄)၊ မြေကွက်အမှတ်(၃၉၇)၊ မြေအကျယ်အဝန်း (အလျား၄၀ပေ x အနံ၆၀ပေ)ရှိ ဦးအုန်းသွင်(ဘ)ဦးတင်မောင်(၁၂/ဥကမ(နိုင်)၁၀၁၁၂၇)အမည်ပေါက်ပါမစ် မြေ၊ အမွေဆက်ခံပိုင်ဆိုင်သူ ဇနီးဖြစ်သူ ဒေါ်စန်းငွေး(၁၂/ဥကမ(နိုင်)၁၀၁၁၂၅)၏ အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးမင်းသူအောင် (၁၂/ဒဂတ(နိုင်)၀၅၁၄၅၄)ထံမှ ကျွန်မ၏မိတ်ဆွေဝယ်ယူရန်အတွက် စရန်ငွေတ ချို့ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သန္တာစိုး(LL.B)** | **ဒေါ်လှလှသွယ် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်- ၉၉၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၈၅၄၈)** |

**အမှတ်၁/ဘီ၊ အခန်း(၃၀၄)၊ ရတနာအိမ်ရာ၊ ၉မိုင်၊ ပြည်လမ်း၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၅၀၃၅၃၇၆၈၊ ၀၉-၄၂၁၁၆၆ ၂၄၉၊ ၀၉-၉၇၇၇၇၀၇၂၃**

## အများသိစေရန် ကြော်ငြာခြင်း

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ ကျွန်တော်တို့ဝန်ထမ်းများ အဖြစ် လုပ်ကိုင်နေသော " MFEC "မန္တလေးရုံးခွဲ " MFEC "(Myanmar Forex Education Club Company Ltd.,) (မြန်မာ့ငွေကြေးဈေးကွက် ရောင်းဝယ်ရင်းနှီးမြှုပ်နှံမှု၊ ပညာရေးဝန်ဆောင်မှု ကုမ္ပဏီလီမိတက်)အား စတင်တည်ထောင်သူ ဦးဖြိုးသော်တာသည် ၂၀၂၄ ခုနှစ်၊ ၅ လပိုင်းတွင် ကုမ္ပဏီကိစ္စအတွက် ခရီးသွားမည်ဟု ပြောဆိုကာ နိုင်ငံခြားသို့ ထွက်ခွာသွားခဲ့ပါသည်။ ၎င်းထွက်ခွာသွားပြီးနောက် ဝန်ထမ်းများအဖြစ် လုပ်ကိုင်လျက်ရှိသော ကျွန်တော်တို့အား လုပ်ခလစာများ ပေးအပ်နိုင်ခြင်းမရှိခဲ့ပါ။ ကျွန်တော်တို့မှ ကုမ္ပဏီ၏ အကျိုးစီးပွားအတွက် အလုပ်လုပ်ကိုင်ရင်း ထပ်မံစောင့်ဆိုင်းပေးခဲ့သော်လည်း ဦးဖြိုးသော်တာသည် ကုမ္ပဏီဝန်ထမ်းများ၏ လုပ်ခလစာများအား (၅)လကျော်သည်အထိ ပေးအပ်ခဲ့ခြင်းမရှိပါ။ ထို့ကြောင့် ကျွန်တော်တို့ ကုမ္ပဏီဝန်ထမ်းများမှ ဖုန်းဖြင့် အကြိမ်ကြိမ် ဆက်သွယ်ခဲ့သော်လည်း လက်ခံစကားပြောဆိုခြင်း၊ ပြန်လည်ခေါ်ဆိုခြင်းများမရှိဘဲ ဝန်ထမ်းများအား အဆက်အသွယ် ဖြတ်တောက်ခဲ့သည်မှာ (၁၁)လကျော်ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးဖြိုးသော်တာနှင့် ပတ်သက်၍သော်လည်းကောင်း၊ ၎င်းဦးစီးတည်ထောင်သည့် "MFEC "(Myanmar Forex Education Club Company Ltd.) (မြန်မာ့ငွေကြေး ဈေးကွက်ရောင်းဝယ်ရင်းနှီးမြှုပ်နှံမှု၊ ပညာရေးဝန်ဆောင်မှုကုမ္ပဏီလီမိတက်)နှင့် ပတ်သက်၍လည်းကောင်း ငွေကြေးအရှုပ်အရှင်းများနှင့် အခြားသောပြုလုပ်ဆောင်ရွက်ချက်များမှာ ကျွန်တော်တို့ ကုမ္ပဏီဝန်ထမ်းများနှင့် မည်သို့မျှ ပတ်သက် စပ်ဆိုင်ခြင်းမရှိပါကြောင်းနှင့် အဆိုပါကိစ္စများနှင့်ပတ်သက်၍ မည်သည့်တာဝန်ယူမှု၊ တာဝန်ခံမှုပြုလုပ်ပေးရန် တာဝန်မရှိကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးသောင်းထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၉၁၉၁)**
**အကွက်(၅၂)၊ အိုးဘိုရွှေကျင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉ - ၇၇၇၁၄၄၄၃၆**

**ရေဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့၊ မင်းလမ်း၊ အမှတ် (၄)နေ (ဘ)ဦးထွန်းမင်းသန့်၏သမီး ဒေါ်သီတာမင်းသန့် ၁၄/ကကန(နိုင်) ၀၀၀၉၀၀၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။**

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာမင်းသန့်သည် **"ရွှေနန်းတော်ဦး"**အမည်ဖြင့် အိမ်ဆောက်ပစ္စည်းအမျိုးမျိုး လက်လီလက်ကားရောင်းဝယ်ရေးဆိုင်ကို အထက်ပါလိပ်စာ၌ (၁-၄-၂၀၂၄)မှစ၍ ဖွင့်လှစ်ခဲ့သည်မှာ ယနေ့အထိ ဖြစ်ပါသည်။ ဒေါ်သီတာမင်းသန့်သည် ၎င်း၏ " **ရွှေနန်းတော်ဦး** " အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်ကို အလုပ်သမား(၁၂)ဦးနှင့်အတူ လက်လီလက်ကားရောင်းဝယ်ရာတွင် ရန်ကုန်နှင့်မန္တလေးမြို့ရှိ ဆောက်လုပ်ရေးကုမ္ပဏီမှ ဝန်ထမ်းအမျိုးမျိုးဖြင့် ဆက်ဆံပြောဆိုမှုများသော်လည်းကောင်း၊ မိမိဆိုင်သို့လာရောက်ဝယ်ယူသည့်သူများအပေါ်၌လည်း ဆိုင်ရှိပစ္စည်းများ အရောင်းအဝယ်ဖြစ်မြောက်အောင်အတွက် ပြေလည်ပျူငှာစွာဆက်ဆံပြောဆိုမှုများသော်လည်းကောင်း ရှိပါသည်။ ထိုသို့ရောင်းဝယ်ဖောက်ကားမှုအပေါ်တွင် ဒေါ်သီတာမင်းသန့်၏နောက်ကွယ်၌ ဒေါ်သီတာမင်းသန့်၏ စီးပွားရေးလုပ်ငန်း ကိုသော်လည်းကောင်း၊ ဒေါ်သီတာမင်းသန့်၏ အကျင့်စာရိတ္တနှင့် ဂုဏ်သိက္ခာကိုသော်လည်းကောင်း ထိပါးပြောဆိုမှုများရှိခဲ့ကြောင်း ကာယကံရှင်ကိုယ်တိုင်မှ ကြားသိခဲ့ရပါသည်။ ယနေ့မှစ၍ နောက်နောင်တွင် ဒေါ်သီတာမင်းသန့်၏ အကြောင်းကို သားပုတ်လေလွင့်ပြောဆိုခြင်း၊ ဒေါ်သီတာမင်းသန့်၏ စီးပွားရေးလုပ်ငန်းကိုသော်လည်းကောင်း၊ ၎င်း၏ အကျင့်သိက္ခာကိုသော်လည်းကောင်း ထိပါးစေသည့်ပြောဆိုမှုများကို မည်သူမဆို ပြောဆိုပြုလုပ်ဆောင်ရွက်ပါက တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **ဒေါ်သီတာမင်းသန့်၏ လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်သီတာမင်းသန့်** | **ဒေါ်ခင်စောဝင်း B.A LAW (LL.B)** |
| **၁၄/ကကန(နိုင်)၀၀၀၉၀၀** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၂၃၇၁)** |
| | **အမှတ်(၁၄-ခ)၊ မဟာစေတီလမ်း၊ ပုသိမ်မြို့၊** |
| | **ဖုန်း - ၀၉-၅၂၀၁၆၈၄** |
| | **ဦးသန်းထွန်းအောင်(LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၃၀)** |
| | **တိုက်အမှတ် (၂၀)၊ အခန်းအမှတ် (၀၀၄)** |
| | **ဥမ္မာဒန္တီအိမ်ရာ၊ ပုသိမ်မြို့၊** |
| | **ဖုန်း - ၀၉-၂၅၀၉၃၂၉၉၂** |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)
## မိတ္ထီလာခရိုင်တရားရုံးတော်၌
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၆

| | | |
|---|---|---|
| ဒေါ်စန်းငွေး | နှင့် | ဦးထွန်းဝေ |
| (တရားလို) | | (တရားပြိုင်) |

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက်နေ ဦးထွန်းဝေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စန်းငွေးက မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၉-တ/အောင်ဇေ ယျာ)၊ ဦးပိုင်အမှတ်(၆-ခ)၊ မြေကွက်အမှတ်(၇)၊ ဧရိယာ(၀ဒသမ၀၅၆)ဧကရှိ ဦးထွန်းဝေ အမည်ပေါက် ဂရန်မြေကွက်ကို ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ မေလ ၃၀ရက်(၁၃၈၇ခုနှစ်၊ နယုန်လဆန်း ၄ ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ မေလ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကိုကို)**
**ဒုတိယခရိုင်တရားသူကြီး**
**မိတ္ထီလာခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ကွင်း/အကွက်အမှတ် ၁၆/မီးကြာရိုးတောင်၊ ဦးပိုင်အမှတ်(၁၅၀-က)၊ မြေဧရိယာ(၀ဒသမ၁၈)ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးရှင်စင်(ခ)မေဖုဂမ်(ခ)ဦးမြင့်ဆွေ ၁၃/ကခန(နိုင်)၀၃၀၁၈၂မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

မိတ္ထီလာမြို့၊ မြို့မ(၄)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် ၃/ပန်းတိမ်တန်း၊ ဦးပိုင်အမှတ် ၅၈+၅၉၊ မြေကွက်အမှတ် ၁၀၇+၁၀၈၊ မြေဧရိယာ ၀.၀၄၆ဧကရှိ မြေကွက်သည် ဒေါ်မြရင်(သမီး)မသန်းမြင့်အမည်ဖြင့် ၂၅-၅-၁၉၉၅မှ ၂၄-၅-၂၀၂၅အထိ (၃၀)နှစ် မြေငှားဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အအုံအား၁၆-၃-၂၀၁၆ရက်တွင် ဒေါ်မြရင်ပါ(၂)ဦး၏ အထွေထွေကိုယ်စားလှယ်ရရှိသူ ဒေါ်မြလွင်ထံမှ ဦးကျော်ကျော်ဝင်း ၉/မထလ(နိုင်)၀၄၄၅၄၃က တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပါသည်။ ဦးကျော်ကျော်ဝင်းမှ မြေငှားဂရန် အမည်ပြောင်း သက်တမ်းတိုး လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိတ္ထီလာခရိုင်**

## ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ဦးလိန်းရှိန်း ၄/မတန(နိုင်)၀၂၄၅၈၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးလိန်းရှိန်းနှင့် ဒေါ်သင်းသင်းယုတို့သည် တစ်ဦးနှင့် တစ်ဦးစိတ်သဘောထားခြင်း မတိုက်ဆိုင်တော့၍ ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သဖြင့် (၁၃-၅-၂၀၂၅)ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်နှင့် ကွာရှင်းပြတ်စဲပြီးနောက် ပစ္စည်းခန်းခွဲဝေခြင်းနှင့်ပတ်သက်၍ ညှိနှိုင်းသဘောတူ ကတိစာချုပ်တို့အား အသိသက်သေများရှေ့တွင် မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒဖြင့် ပြုလုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးလိန်းရှိန်းနှင့် ဒေါ်သင်းသင်းယုတို့သည် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၂၀)**
**အမှတ်(၄၈)၊ သိတိပဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန် မြို့၊ ဖုန်း-၀၉-၂၅၄၆၁၂၂၈၃**

## ဖခင်အမည်တစ်ဦးတည်း ဖြစ်ပါကြောင်း

ဖြူးမြို့နယ်၊ အထက (ညောင်ပင်သာ)ကျောင်းမှ ဒေါ်ဆုမြတ်သဉ္ဇာဝင်းသူ(ထက်ပြ) ၇/ဖမန(နိုင်) ၁၄၁၈၈၄၏ ဖခင်အမည် ဦးသိန်းမြင့်(ခ) ဦးစောမြတ်သူမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးသိန်းမြင့်(ခ)ဦးစောမြတ်သူ**

## မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်နေ ဦးဂျပန်၏ သားဖြစ်သူ ဦးကျော်လင်း ၉/တကန(နိုင်)၀၈၄၁၄၄၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆-၁-၁၉၇၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ဆင်စခန်းကျေးရွာနေ မဖွေးဖွေး၏ ဖခင်အမည်မှန်မှာ စောမျိုးဇော်အောင် ၇/သဝတ(နိုင်)၀၇၉၀၆၄ ဖြစ်ပါကြောင်း။

**စောမျိုးဇော်အောင်**
**၇/သဝတ(နိုင်)၀၇၉၀၆၄**

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သင်တောရိုးကျေးရွာအုပ်စု၊ သင်တောရိုးရွာနေ(ဘ) ဦးရန်နိုင်လင်း ၇/သဝတ(နိုင်)၀၇၅၅၁၅၏ သမီးဖြစ်သူ မဖူးဟေမာန် ၇/သဝတ(နိုင်)၁၆၁၁၀၁ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၄-၁၂-၂၀၀၆ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မင်းရဲကျော်စွာ၊ဦးပိုင်အမှတ်(၆၈^က)၊ဧရိယာ(၀.၀၂၈)ဧကအား ဒေါ်ဖြူဖြူသွယ် (ဘ)ဦးသိန်းစိုး ၁၀/မလမ(နိုင်)၁၆၉၂၄၉မှ တပ်ကုန်းမြို့နယ်၊ မြေစာရင်းဦးစီးဌာနထောက်ခံချက်၊ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာအမှတ်(၅၀၈/၂၀၂၅)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြပြီး အဆောက်အအုံ ဆောက်လုပ်မိန့်တင်ပြရန်အတွက် မြေပုံ၊မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက် လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/အနော်ရထာ၊ ဦးပိုင်အမှတ် (၈၁)၊ ဧရိယာ (၀.၀၇၃)ဧကအား ဒေါ်ကြည်ကြည်မာ (ဘ)ဦးဖိုးမာ ၉/တကန(နိုင်)၀၀၀၀၈၃ မှ တပ်ကုန်း မြို့နယ်မြေစာရင်းဦးစီးဌာနထောက်ခံချက်၊ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာအမှတ်(၄၆၂/၂၀၂၅)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူ ဦးရေ စာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြပြီး အဆောက်အအုံဆောက်လုပ်မိန့် တင်ပြရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ကိုတင်ဇော်ထွေး ၁၃/ညရန(နိုင်)၁၀၃၄၂နှင့်မတင်တင်သော် ၁၃/ညရန (နိုင်) ၀၁၅၇၀၆တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကိုတင်ဇော်ထွေးနှင့် မတင်တင်သော်တို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပြီး (၁-၁-၂၀၁၃)ရက်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ကိုတင်ဇော်ထွေးနှင့် မတင်တင်သော်တို့သည် တစ်ဦးနှင့် တစ်ဦး စိတ်သဘောထားချင်းမတိုက်ဆိုင်တော့သဖြင့်လည်းကောင်း၊ ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သဖြင့်လည်းကောင်း ၁၆-၄-၂၀၂၅ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကို မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒအရ အသိသက်သေများရှေ့၌ ပြုလုပ်ချုပ်ဆိုခဲ့ကြပြီးဖြစ်ပါသည်။ ထို့ကြောင့် ကိုတင်ဇော်ထွေးနှင့် မတင်တင်သော်တို့သည် နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မဉ္ဇူအေး(LL.B) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၃၂)၊ ကံသာရပ်(၁)ကွက်၊ ကံသာ(၂)လမ်း၊ ညောင်ရွှေမြို့၊**
**ဖုန်း-၀၉-၄၂၈၃၅၉၀၉၈၊ ၀၈၁-၂၂၀၉၁၇၈**

## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
## တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
## ထားဝယ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်တည်ဆောက်ရေးလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများတင်သွင်းနိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - (၁၅-၅-၂၀၂၅)ရက်

(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်နေ့ရက်/အချိန်** - (၂၈-၅-၂၀၂၅)ရက် (၁၆:၀၀)နာရီ

(ဂ) **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** - (၆-၆-၂၀၂၅)ရက်

(ဃ) **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၊ ထားဝယ်မြို့

၂။ တင်ဒါလျှောက်လွှာပုံစံများကို အထက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်းဖုန်းနံပါတ် ၀၅၉-၂၀၂၃၄၈၁ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါဗဟိုကော်မတီ**

---

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/7639၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ မြို့မ(၄)ရပ်ကွက်၊ ရုပ်ရှင်ရုံလမ်းနေ ဒေါ်မြိုင် ၉/ဝတန(နိုင်)၁၁၇၅၇၁၏ လွှဲအပ်ချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြိုင်သည် မိတ္ထီလာမြို့၊ မုန်တိုင်ကျေးရွာ၊ ကွင်းအမှတ်(၈၈၃/မြင်စိုင်းကွင်း)၊ ဦးပိုင်အမှတ်(၃၃၇၊ ၃၃၁၊ ၃၃၂၊ ၃၃၂/၁၆၇၂၊ ၃၃၂/၁၆၇၃)၊ ဧရိယာ(၁.၈၇)ကေကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြိုင်မှ စာရွက်စာတမ်းမူရင်းများနှင့် ၂၀၂၄ ခုနှစ်က ဝယ်ယူလက်ရောက်ပိုင်ဆိုင်ခဲ့သောယာမြေဖြစ်ကြောင်း ပြောပြ၍ သိရှိရပါသည်။ အဆိုပါ ယာမြေအတွင်းသို့ ချုံနွယ်များ၊ ကန္တာရပင်များ ရှင်းလင်းခြင်း၊ မြေညှိခြင်းနှင့်အတူ သီးပင်စားပင်များစိုက်ပျိုးရန်အတွက် ထွန်ယက်လုပ်ကိုင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်၍ မြေယာပိုင်ဆိုင်အငြင်းပွားလိုသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းမူရင်းများယူဆောင်၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်မြိုင်** | **ဦးမျိုးမြင့်အောင် (LL.B, LL.M)** |
| ၉/ဝတန(နိုင်)၁၁၇၅၇၁ | တရားလွှတ်တော်ရှေ့နေ(စဥ်-၁၀၁၈၅) |
| မြို့မ(၄)ရပ်ကွက် | ၁X၂ လမ်းကြား၊ ပြည်သာယာတောင် |
| မိတ္ထီလာမြို့ | မိတ္ထီလာမြို့၊ ဖုန်း-၀၉-၂၂၀၀၁၅၅ |

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ မြို့မ(၄)ရပ်ကွက်၊ ရုပ်ရှင်ရုံလမ်းနေ ဒေါ်မြိုင် ၉/ဝတန(နိုင်)၁၁၇၅၇၁ ၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြိုင်သည် မိတ္ထီလာမြို့၊ သီးကုန်းကျေးရွာ၊ ကွင်းအမှတ်(၈၇၉/အုန်းပင်ကျောင်း)၊ ဦးပိုင်အမှတ်(၂၄/ခ)၊ မြေကွက်အမှတ်(၄၀)၊ အရှေ့ဘက်ခြမ်းရှိ ဧရိယာ(၀.၄၇)ကေကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြိုင်မှ စာရွက်စာတမ်းမူရင်းများနှင့် ၂၀၂၄ ခုနှစ်က ဝယ်ယူလက်ရောက်ပိုင်ဆိုင်ခဲ့သော ယာမြေဖြစ်ကြောင်း ပြောပြ၍သိရှိရပါသည်။ အဆိုပါ ယာမြေ အတွင်းသို့ ချုံနွယ်များ၊ ကန္တာရပင်များရှင်းလင်းခြင်း၊ မြေညှိခြင်းနှင့်အတူ သီးပင်စားပင်များစိုက်ပျိုးရန်အတွက် ထွန်ယက်လုပ်ကိုင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်၍ မြေယာပိုင်ဆိုင် အငြင်းပွားလိုသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းမူရင်းများယူဆောင်၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်မြိုင်** | **ဦးမျိုးမြင့်အောင် (LL.B, LL.M)** |
| ၉/ဝတန(နိုင်)၁၁၇၅၇၁ | တရားလွှတ်တော်ရှေ့နေ(စဥ်- ၁၀၁၈၅) |
| မြို့မ(၄)ရပ်ကွက်၊ | ၁X၂ လမ်းကြား၊ ပြည်သာယာတောင် |
| မိတ္ထီလာမြို့ | မိတ္ထီလာမြို့၊ ၀၉၂၂၀၀၁၅၅ |

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၉၀၄၀၇, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ထွေးလေး ၆/ရဖန(နိုင်) ၀၃၈၈၂၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ထားဝယ်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄ယ/၃၈၆၁၁, Honda Click 150i, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သန့်ဇင် ၆/ထဝန(နိုင်) ၁၃၁၇၇၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ထားဝယ်)**

---

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
## မွန်ပြည်နယ်တရားလွှတ်တော်
## ၂၀၂၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် - ၅

| | | |
|---|---|---|
| ၁။ဦးဂဖို(ခ)ဦးကျော်အောင် (၎င်း၏အုပ်ထိန်းသူ ဦးမာမက်ရဖီ(ခ)ဦးစိန်မြင့်) | **နှင့်** | ၁။ ဦးရှကို(ခ)စိုးမြင့် |
| ၂။ ဦးမာမက်ရဖီ(ခ)ဦးစိန်မြင့် | | ၂။ ဒေါ်ဥမ္မာ (ကွယ်လွန်သူဦးရဟင်(ခ) ခင်မောင်လတ်၏ တရားဝင်ကိုယ်စားလှယ် |
| | | ၃။ ဦးအီစမိုင်(ခ)ကိုကို (ကိုယ်တိုင်နှင့်အမှတ်(၄) ပြင်ဆင်မှုလျှောက်ထားခံရသူ၏ အခွင့်ရကိုယ်စားလှယ်) |
| | | ၄။ ဦးအီဗရာဟင်(ခ) ဦးခင်မောင်လေး |
| | | ၅။ ဦးခင်မောင်ထွေး |
| **ပြင်ဆင်မှုလျှောက်ထားသူများ** | | **ပြင်ဆင်မှုလျှောက်ထားခံရသူများ** |

လျှောက်ထားခံရသူ အမှတ်(၅)ဦးခင်မောင်ထွေး၊ ဗိုလ်ချုပ်လမ်း၊ သဃ်န်းညီနောင်ကျေးရွာ၊ မြဝတီမြို့၊ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူ ဦးဂဖို(ခ)ဦးကျော်အောင်ပါ - ၂ဦးက ဤရုံးသို့ မော်လမြိုင်ခရိုင်တရားရုံး၊ တရားမပြင်ဆင်မှုအမှတ်- ၃၅/၂၀၂၄ အမှုတွင် (၉-၁၂-၂၀၂၄)ရက်က ချမှတ်သည့်အမိန့်အပေါ် မကျေနပ်၍ ဤပြင်ဆင်မှုကို လျှောက်ထားလာသည်ဖြစ်၍ သင်က ဤလျှောက်ထားချက်အတိုင်း အမိန့်မချမှတ်သင့်ကြောင်း အကြောင်းပြရန် ၂၀၂၅ ခုနှစ်၊ မေလ ၂၈ရက် (၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၂ ရက်)မွန်းမတည့်မီ(၁၀:၀၀)နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ မေလ၇ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးထွန်းလင်း)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**မွန်ပြည်နယ်တရားလွှတ်တော်**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဘုတ်ပြင်းမြို့နယ်တရားရုံးတော်၌
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၈

| | | |
|---|---|---|
| ဒေါ်နီနီဇင်မြင့် | **နှင့်** | ဦးဇော်ဘုန်းနိုင် |
| **တရားလို** | | **တရားပြိုင်** |

ကရသူရိမြို့၊ အမှတ်(၁)ရပ်ကွက်၊ လမ်းသစ်နေ ဦးဇော်ဘုန်းနိုင်(ဘ) ဦးတင်ကြိုင် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နီနီဇင်မြင့်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ မေလ ၂၀ရက် (၁၃၈၇ခုနှစ်၊ ကဆုန်လဆုတ် ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ မေလ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထက်နိုင်လင်း)**
**မြို့နယ်တရားသူကြီး**
**ဘုတ်ပြင်းမြို့နယ်တရားရုံး**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်နေ ဒေါ်မေသန္တာစိုး ၁၂/ဥကတ (နိုင်)၁၇၆၄၀၁ ၏ မိခင် ဒေါ်ညွန့်ရီနှင့် ဒေါ်ညွန့်ညွန့်ရီသည် အမည်(၂)မျိုး ကွဲလွဲနေသော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။

---

## ဖခင်အမည်မှန်

ထားဝယ်မြို့၊ တလိုင်းမရပ်၊ ချယ်ရီလမ်းနေ ပန်းကံ့ကော်ရနံ့ကိုယ်ပိုင်အထက်တန်းကျောင်း Grade-11 မှ မခင်မာကျော်၏ဖခင် ဦးကျော်မြတ်သွင် ၏ အမည်မှန်မှာ ဦးကျော်မြသွင် ၆/ရဖန(နိုင်) ၀၂၂၂၉ဖြစ်ပါကြောင်း။

**ဦးကျော်မြသွင်**

---

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ထားဝယ်မြို့၊ ကညံ့ရပ်ကွက်၊ အကွက်အမှတ်(၅၄)၊ အကွက်အမည်-ကညံ့အကွက်၊ ဦးပိုင်အမှတ်(၂၅၇-တ)၊ ဧရိယာ(၀ဒသမ၀၆၄)ကေ အနက်မှ မြေဧရိယာ (၀ ဒသမ ၀၄၁)ကေရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော်- ဦးပိုင်အမှတ်(၂၅၇.ဃ၊ ၂၅၇.ဝ၊ ၂၅၇.သ)

(ခ) အနောက်လားသော်- လမ်း

(ဂ) တောင်လားသော်- ဦးပိုင်အမှတ်(၂၅၇.န)

(ဃ) မြောက်လားသော်- လမ်း

အထက်ဖော်ပြပါ မြေကို (ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်း) ပေးရန် ဦးထင်အောင် ပါ (၂)မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ ဇွန်လ ၆ရက် မတိုင်မီဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက် တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန**
**ထားဝယ်မြို့**

---

## ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(တာကြီး)၊ မြေကွက်အမှတ်(၂၈၃)၊ [လူနေရပ်ကွက်အခေါ်ဝေါ် အမှတ်(၂၈၃)၊ စကားဝါလမ်း၊ (တာကြီး)ရပ်ကွက်၊ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအကျယ်အဝန်း(၂၄၀၀)စတုရန်းပေ၊ ဧရိယာ(၀.၀၅၅)ကေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိရေမီးစုံအပါအဝင် ယင်းနှင့်ပတ်သက်သောအကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့မြေစာရင်းတွင် ဒေါ်မူမူအောင်(၁၂/စခန(နိုင်)၀၂၅၁၆၂)အမည်ဖြင့် မှတ်သားတည်ရှိသည့် နှစ်(၆၀)မြေငှားဂရန်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ရှင်မှ မိမိကိုယ်တိုင်တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ထွေးဇာခြည် (LL.B)၊ (D.B.L)** | **ဒေါ်ညိုမာ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၃၁၁၈)** | **အထက်တန်းရှေ့နေ (စဥ်-၃၅၇၇၆)** |

**အခန်းအမှတ် (308)၊ Office Tower (3), Time City, ကျွန်းတောလမ်း၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄။**

---

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက်၊ ယခင်ယောမင်းကြီးလမ်း၊ ယခု ဆရာစံလမ်းရှိ အမှတ် (၁/၁၀၊ အကျယ်အလျား ၆၀ ပေ၊ အနံ ၆၀ ပေ)နှင့် အမှတ်(၉/၆၊ အကျယ် အလျား ၇၀ ပေ၊ အနံ ၆၀ ပေ) အကျယ်အဝန်းရှိ ယခင်ပိုင်ရှင် ဦးစိုး ၁၃/လသယ(နိုင်)၁၁၂၆၄၉ယခုပိုင်ရှင် ဦးရဲနိုင်ဦး ၁၄/ဘကလ(နိုင်)၁၈၄၇၄၂ပိုင်ဆိုင်မှုအား တရားဝင်ဝယ်ယူပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူဖြစ်၍ အဆိုပါမြေကွက် (၂)ကွက်အား ရောင်းချမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဦးရဲနိုင်ဦး**
**ဖုန်း-၀၉-၇၆၆၂၆၁၂၃၀**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် (ည)၊ ဘုမ္မာ (၁၆)လမ်း၊ မြေကွက်အမှတ် (၉၅၃)ဟု ခေါ်တွင်သော ဒေါ်ဆိုင်းတောင် နှစ် ၆၀ ဂရန်အမည်ပေါက် အလျား၄၀ပေxအနံ ၆၀ပေအကျယ်အဝန်း မြေအတွင်းရှိ ဝဲဘက် အစွန်းခြမ်း အလျား ၁၂ပေ၊ အနံ ၆၀ပေ အကျယ်အဝန်းမြေအား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုလာသည့် လက်ဝယ်ပိုင်ဆိုင်ထားသူ ဂရန်အမည်ပေါက် ပိုင်ရှင် ဒေါ်ဆိုင်းတောင် ၁/မကန(နိုင်)၁၃၄၁၄၂ထံမှ ကျွန်ုပ် ဦးမြင့်တင်က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း စာရွက်စာတမ်းများဖြင့် တရားဝင်လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်တင် ၁၂/ဥကမ(နိုင်)၀၁၅၈၁၈**
**ည/၉၅၅/ဘုမ္မာ (၁၆)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၂၅၄၅၅၆၁၂၇**

---

## အများသိစေရန် အသိပေးကြေညာခြင်း

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်ကြီးကျေးရွာ၊ ဓနီးချောင်ပိုင်းနေ ဒေါ်သင်းသင်းခိုင် (၁၀/ဘလန(နိုင်) ၁၀၀၆၄၆) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းသင်းခိုင်သည် ဘီးလင်းမြို့နယ်၊ တောင်ကြီးကျေးရွာ၊ ရွာလယ်ပိုင်းရပ်ကွက်၊ အရှေ့မျက်နှာ၁၀ (၅၃)တောင် - အနောက်အရှည်- စမ်းချောင်း အထိရှိသောအရှေ့လားသော်- လူသွားလမ်းမ၊ အနောက်လားသော်-စမ်းချောင်း၊ တောင်လားသော်-ဒေါ်တင်အုန်းခြံ၊ မြောက်လားသော်- ဦးသန်းဝင်းခြံ အလားလေးရပ်အတွင်းရှိ ခြံမြေ(၂)ကွက်နှင့်ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်တိုက်အိမ်နှင့်ကားဂိုဒေါင်(၁)လုံး၊ ၂၊ ဘီးလင်းမြို့နယ်၊ တောင်ကြီးကျေးရွာအုပ်စုတောင်ပိုင်း ၊ ပေါ်တော်မူပိုင်း၊ မျက်နှာ၁၀(၈၈) တောင်xအလျား(၁၃၂)တောင်ရှိ အရှေ့ဘက်တွင်- ဦးရွှေကြည်ခြံ၊ အနောက်ဘက်တွင်-ဦးစံမောင်ခြံ၊ တောင်ဘက်တွင်-ဦးစိုးလယ်ခြံ၊ မြောက်ဘက်တွင်-ကားလမ်း အလားလေးရပ်အတွင်းရှိ ခြံမြေ(၁)ကွက်၊ ၃။ ဘီးလင်းမြို့နယ်၊ တောင်ကြီးကျေးရွာ၊ ဘုရားလမ်း၊ ကွင်းအမှတ်-၂၂၀၊ ဦးပိုင်အမှတ်-၆၂/၁၊ ဧရိယာ (၀.၂၉)၊ အလျား(၁၆၄) တောင်xအနံ(၃၀)တောင်ရှိ အရှေ့ဘက်တွင်- ဦးပန်းအေးခြံ၊ . အနောက်ဘက်တွင်-လမ်းသွယ်၊ တောင်ဘက်တွင်-ဦးလှမြင့်ခြံ၊ မြောက်ဘက်တွင်-တောင်ကြီး-ကင်းရွာကားလမ်း အလားလေးရပ်အတွင်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၃)ထပ်တိုက် အဆောက်အအုံအပါအဝင် ရေကူးကန်များ၊ ၄။ ဘီးလင်းမြို့နယ်၊ ဇွဲကလာကျေးရွာအုပ်စု၊ ကွင်းအမှတ်-(၂၆၄)၊ ကွင်းအမည်-တွင်းညီနောင်မြောက်၊ ဦးပိုင်အမှတ်(N06)၊ ဧရိယာ (၀.၂၀)ကေရှိ အရှေ့လားသော်-ဦးကျော်လှ အိမ်ခြံ၊ အနောက်လားသော်-ဦးထွန်းလွင်အိမ်ခြံ၊ တောင်လားသော်- ဦးရွှေမင်း အိမ်ခြံ၊ မြောက်လားသော်-လမ်းမ အလားလေးရပ်အတွင်းရှိ မြေကွက်(၁)ကွက်၊ ၅။ ဘီးလင်းမြို့နယ်၊ ယွန်းဒလင်းကုန်းကျေးရွာအုပ်စု၊ မြသီတာလမ်းအလျား(၁၂၁) ပေxအနံ(၆၈-ပေ,၆၃-ပေ,၆-လက်မ) ပေရှိ အရှေ့ဘက်တွင်-ရွာလမ်းမကြီး (မြသီတာလမ်း)၊ အနောက်ဘက်တွင်-လယ်ကွက်၊ တောင်ဘက်တွင်- ဦးပြည့်-ဒေါ်အေးမြင့်ခြံ၊ မြောက်ဘက်တွင်-ဦးဝေ-ဒေါ်ထားခြံ အလားလေးရပ်အတွင်းရှိ မြေကွက်(၁)ကွက်၊ ၆။ ဘီးလင်းမြို့နယ်၊ ကင်းရွာကျေးရွာ၊ သိမ်စုပိုင်း၊ ဧရိယာ (၂.၇၀)ကေရှိ အရှေ့ဘက်တွင်- ဦးချစ်လှိုင်ခြံ၊ အနောက်ဘက်တွင်- ဦးချစ်လှိုင်ခြံ၊ တောင်ဘက်တွင်-ဦးဝင်းမြင့်ခြံ၊ မြောက်ဘက်တွင်- အမည်မသိခြံ အလားလေးရပ်အတွင်းရှိ မြေကွက်(၁)ကွက်၊ ၇။ ဘီးလင်းမြို့နယ်၊ တောင်ကြီးကျေးရွာ၊ သောင်နုကွင်း၊ ဧက (၇၀)ရှိ၊ အရှေ့ဘက်တွင်-ရိုးချောင်း၊ အနောက်ဘက်တွင်-ရိုးချောင်း၊ တောင်ဘက်တွင်- ဒေါ်သန်းလယ်၊ မြောက်ဘက်တွင်-ဦးသန့်ဇော်လယ် အလားလေးရပ်အတွင်းရှိ လယ်မြေ၊ ၈။ Vigo 2011 Model အမျိုးအစား၊ ယာဉ်အမှတ် 9J/3337 အဖြူ ရောင်ကားတစ်စီး စသည့်မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများနှင့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများအား ဦးသန့်ဇင်ဦး (၁၀/ဘလန(နိုင်)၀၉၃၆၅၆)အပေါ် ကျိုက်ထိုခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ်-(၁၉/၂၀၂၄)တွင် တရားဝင် လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲ၍ လင်မယားနှစ်ဦးပိုင်ပစ္စည်းများအား ပေးအပ်စေလိုမှုဖြင့် တရားစွဲဆိုထားသည်ဖြစ်ရာ အမှုရင်ဆိုင် ဖြေရှင်းနေစဉ်ကာလအတွင်း၌ အထက်ဖော်ပြပါပစ္စည်းများအား လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမည်ပြောင်း လျှောက်ထားခြင်းများ မပြုလုပ်ပါရန်နှင့်အကယ်၍ ပြုလုပ်ခဲ့ပါကဖြစ်ပေါ်လာမည့်ကိစ္စရပ်အဝဝတို့အား လုံးဝ(လုံးဝ)တာဝန် ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခိုင်တင်ဇာအောင် (LL.B) တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၅၁၉၉/ ၂၇-၁၂-၂၀၁၈**
**အဝေးပြေးလမ်း၊ ဘုရင့်နောင်ရပ်ကွက်၊ ဘီးလင်းမြို့ ၊ ဖုန်း-၀၉-၇၉၈၇၄၅၉၄၈**

---

## အမည်ပြောင်း

ဦးမင်းဇော်၏ သား အထက(၃)၊ မအူပင်၊ Grade-8 မှ မောင်ကြယ်စင်အောင်အား မောင်ကောင်းသစ်ဟိန်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဖျာပုံမြို့နယ်၊ အရှေ့ဖျားကျေးရွာနေ မငြိမ်းအိအိဖြိုး ၁၄/အမတ(နိုင်)၀၆၆၇၈၉ ၏ မိခင် အမည်မှန်မှာ ဒေါ်သန်းမော်(ခ) ဒေါ်သန်းသန်းမော် ဟု ကွဲလွဲနေသော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။

**မငြိမ်းအိအိဖြိုး**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ခန္တီးမြို့နယ်၊ ကောင်းဟိန်ကျေးရွာနေ လှိုင်နုအောင် ၅/ခတန(နိုင်)၀၃၆၄၄၅ ၏ မိခင် အမည်မှာ ဒေါ်နန်းမေ(ခ) ဒေါ်ယောမေ ဟု ကွဲလွဲနေသော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။

**လှိုင်နုအောင်**

---

## ကန့်ကွက်နိုင်ပါကြောင်း

ချောက်မြို့၊ အမှတ်(၉)ရပ်ကွက်၊ ဈေးရပ်၊ အကွက်အမှတ်(၁၉)ရဲဌာန၊ ဦးပိုင်အမှတ်(၁၉၉-ခ)၊ မြေကွက်အမှတ်(၂၂၆/၃၂၇)၊ ဧရိယာ (၀ဒသမ ၀၂၉)ကေရှိ မြေကွက်အား ဦးမော်+ဒေါ်အေးအေးညွန့် တို့မှ လူနေထိုင်ရန်အတွက် မြေငှားဂရန်(အသစ်) လျှောက်ထားလာပါသည်။ ထိုသို့လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများနှင့်တကွ ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊ ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက မြေငှားဂရန်(အသစ်) လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ချောက်ခရိုင်၊ ချောက်မြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ချောက်မြို့၊ အမှတ်(၉)ရပ်ကွက်၊ ဈေးရပ်၊ အကွက်အမှတ်(၁၉)ရဲဌာန၊ ဦးပိုင်အမှတ်(၁၉၉-က)၊ မြေကွက်အမှတ်(၂၂၆/၃၇၆)၊ ဧရိယာ (၀ဒသမ ၀၃၀)ကေရှိ မြေကွက်အား ဦးစိုးမိုးဝင်း +ဒေါ်ဌေးဌေးလှ တို့မှ လူနေထိုင်ရန်အတွက် မြေငှားဂရန်(အသစ်) လျှောက်ထားလာပါသည်။ ထိုသို့လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများနှင့်တကွ ချောက်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လည်းကောင်း၊ ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက မြေငှားဂရန်(အသစ်)အား ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ချောက်ခရိုင်၊ ချောက်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ကွပ်ကဲမှုအောက်ရှိ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) နှင့် (အောက်မြန်မာပြည်) တို့၌ ၂၀၂၅-၂၀၂၆ခု၊ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်ဖြင့် သင်တန်းသား/သူတို့အတွက် ဝတ်စုံများ ချုပ်လုပ်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂-၅-၂၀၂၅ ရက်

(ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက်** - ၂-၆-၂၀၂၅ ရက်

(ဂ) **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းမည့်ရက်** - ၃-၆-၂၀၂၅ ရက်၊ ၁၆:၃၀နာရီ

(ဃ) **တင်ဒါတင်သွင်းမည့်နေရာ** - ရုံးအမှတ်(၁၇)၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် ဝယ်သည့်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးအမှတ်(၁၇)၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဖုန်း-၀၆၇-၄၀၉၂၄၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
ပြည်ထောင်စုရာထူးဝန်အဖွဲ့

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ ( Open Tender ) ခေါ်ယူခြင်း

၁။ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါစက်ပစ္စည်းများကို၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း (တပ်ဆင်စမ်းသပ်လည်ပတ်ခြင်းလုပ်ငန်းအပါအဝင်)ဝယ်ယူလိုပါသည် -

Gamma - Ray Spectrometer 1 Set. 1 Lot.

၂။ တင်ဒါတင်သွင်းခြင်းကို ၁၄ - ၅ - ၂၀၂၅ရက် မှ ၂၇-၅-၂၀၂၅ ရက်၊ (၁၆:၀၀) နာရီအတွင်း မည်သူမဆို လွတ်လပ်စွာတင်သွင်းနိုင်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည် -

**ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**
**ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနစု**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၁၉) (B) နေပြည်တော်**
**ဖုန်း - ၀၆၇ - ၄၀၉၆၈၃**

### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

**Anhui Byter Agriculture Technology Co.,Ltd** မှ ထုတ်လုပ်ပြီး **Myanmar Golden Byter Co.,Ltd.** မှ ဖြန့်ဖြူး ရောင်းချသော အောက်ဖော်ပြပါ ပိုးသတ်ဆေးများအား ယခင်အသုံးပြုခဲ့သော ထုတ်ကုန် အမည်မှ အောက်ဖော်ပြပါ အတိုင်း ပြောင်းလဲ၍ ဖြန့်ဖြူး ရောင်းချမည် ဖြစ်ပါသည်။

| စဉ် | ယခင် အမည် | ပြောင်းလဲမည့် အမည် | မှတ်ပုံတင် နံပါတ် |
|---|---|---|---|
| 1 | **Power-Grass** (Quizalofop-P-ethyl 10% EC) | **Byter-Grami** (Quizalofop-P-ethyl 10% EC) | P2020-4948 |
| 2 | **Power-Myat** (Haloxyfop-P-methyl 108g/l EC) | **Byter-Myat** (Haloxyfop-P-methyl 108g/l EC) | P2020-4949 |

